# မြဝတီ

The Mirror Daily

၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ စနေနေ့။ Saturday, 6 November 2021 ၁၀၅၄၉


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## နိုင်ငံတော်အဆင့်အနှစ်သာရရှိသည့် လွတ်လပ်ရေးနေ့အခမ်းအနားဖြစ်သည့်အတွက် နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာဖြင့် အဆင့်ရှိစွာကျင်းပနိုင်ရေး ဆပ်ကော်မတီများအလိုက် စနစ်တကျကြပ်မတ်စစ်ဆေးဆောင်ရွက်ကြရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၅**

၂၀၂၂ ခုနှစ် (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တာဝန်ရှိဖိတ်ကြားထားသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## မြဝတီ ယနေ့ ဖတ်စရာ


**ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်း၊ မီဒီယာလုပ်ငန်းများ ပြန်လည်ရှင်သန်နိုင်ပါစေ**

ဆောင်းပါး စာမျက်နှာ » ၆

**စက်သုံးဆီများ သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက တိုင်ကြားနိုင်**

စာမျက်နှာ » ၁၀

**ဥရောပရှိ လက်ရှိကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရှိန်မြင့်တက်လာမှု အလွန်စိုးရိမ်ဖွယ်ရှိဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး**

စာမျက်နှာ » ၁၃

ကြေးမုံ

# ပြည်သူများဘဝလုံခြုံရေး စောင့်ရှောက်ကာကွယ်ပေး

ယခု နိုဝင်ဘာလ ၁ ရက်နေ့တွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းများပိတ်ထားရာမှ ပြန်လည်ဖွင့်လှစ်လိုက်သဖြင့် ပညာရေးအခွင့်အလမ်းများ ရလာခဲ့သည်။ ပညာနှင့်ဝေးခဲ့သော ကျောင်းသား ကျောင်းသူလေးများ အကျိုးများစွာဖြစ်ထွန်းသည်။ ပညာသင်ကြားခြင်းသည် မင်္ဂလာတရားနှင့်အညီ ဘဝတိုးတက်ရေးဖြစ်၍ အားလုံးဝမ်းသာကြိုဆိုကြသည်။

သို့သော် နိုဝင်ဘာလ ၂ ရက်နေ့က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ အမှတ်(၃၅) အထက်တန်းကျောင်းနှင့် ထိုနေ့ညက ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဆင်မကော်ကျေးရွာ အလယ်တန်း ကျောင်းတို့ကို အကြမ်းဖက်အဖျက်သမားများက လက်လုပ်ဗုံးများဖြင့် ပစ်ခတ် ဖောက်ခွဲခဲ့သည်။ အလားတူ နိုဝင်ဘာလ ၃ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ဖိုးကြာကုန်းကျေးရွာရှိ မူလတန်းလွန်ကျောင်းနှင့် နိုဝင်ဘာလ ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဆင်ကျွန်းကျေးရွာ မူလတန်း ကျောင်းတို့ကို အကြမ်းဖက်အဖျက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည်။

အသိဉာဏ်မဲ့သည့် အဖျက်သမားများသည် မိမိတို့၏ သားငယ်၊ သမီးငယ်၊ ညီငယ်လေးများ ဘဝတိုးတက်မည့်ပညာသင်ကြားရေးကို ဖျက်ဆီးခြင်းသည် အလွန်ဆိုးညစ်ယုတ်မာမှုကို ပြုလုပ်ခြင်းဖြစ်သည်။ ထိုသို့သောအမှုပြုလုပ်ခြင်းကို မည်သည့်လူ့အသိုင်းအဝိုင်း၊ အဖွဲ့အစည်းကမျှ လက်ခံနိုင်ခြင်းမရှိပေ။ ထိုသို့ပြုလုပ် ခြင်းကို အများပြည်သူတို့က ကန့်ကွက်ရှုတ်ချ အပြစ်တင်လျက်ရှိပြီး စာသင်ကျောင်း များဖျက်ဆီးကြသော အကြမ်းဖက်အဖျက်သမားများအား ဝိုင်းဝန်းတိုက်ဖျက်ရန် ဆန္ဒပြင်းပြလျက်ရှိသည်။ အကြမ်းဖက်ဖျက်ဆီးတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြသူများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးကို သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလွန်စက်ဆုပ်ဖွယ်ကောင်းသော ယုတ်မာကောက်ကျစ်သည့် မကောင်းမှုကို ပြုလုပ်သောသူများသည် ပတ်ဝန်းကျင်လောကမှ ခါးသီးမုန်းတီးလျက်ရှိပြီး ဤပစ္စုပ္ပန်ဘဝ၌လည်း စိုးရိမ်ပူပန်နေရသည်။ နောင်တမလွန်ဘဝ၌လည်း စိုးရိမ် ပူပန်နေရမည်ဖြစ်သည်။ လက်ရှိကာလတွင်လည်း ရာဇဝတ်ဘေးပြေးမလွတ် ဆိုသကဲ့သို့ ဖမ်းဆီးချုပ်နှောင် အပြစ်ပေးအရေးယူခြင်းခံရပေမည်။ ၎င်းတို့ပြုလုပ် သော အကုသိုလ်ကံကြမ္မာသည် ယခုဘဝ၊ နောက်ဘဝ ဆင်းရဲဒုက္ခများ မလွဲမသွေ ပြန်လည်ခံစားကြရမည်ဖြစ်သည်။ ယခုပြုလုပ်မှုသည် စာသင်ကျောင်းနှင့်ပတ်ဝန်း ကျင်ကို ထိခိုက်မှုဖြစ်ပြီး ရှေ့ဆက်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြား ရေးကို ထိခိုက်မှုရှိလာပါက ပြည်သူအားလုံးကလည်း ခွင့်မလွှတ်၊ ဥပဒေအရလည်း ထိထိရောက်ရောက် တုံ့ပြန်ခြင်းခံရမည်ဖြစ်သည်။

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အကြမ်းဖက် အဖျက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုး ရေးကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင် တိုက်ခိုက်မှုများ၊ လမ်း၊ တံတားနှင့် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီး၊ မီးရှို့မှုများကို ပြုလုပ်လျက်ရှိသည်။ ထို့အပြင် အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ နိုင်ငံတော်နှင့်ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီး၊ ဖောက်ခွဲတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည့်အပြင် အပြစ်မဲ့ပြည်သူများအား ဒလန်သတင်းပေးဟုစွပ်စွဲ၍ အကြောင်းမဲ့သတ်ဖြတ်မှုများပြုလုပ်လျက်ရှိသည်ကို အားလုံးမြင်တွေ့ကြားသိကြရမည်ဖြစ်သည်။ ယခုအခါ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်လိုက်၍ ကျောင်းသား ကျောင်းသူ၊ ကလေးသူငယ်၊ လူငယ်လူရွယ် များ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေစဉ် ယုတ်မာပက်စက် သိမ်ဖျင်းသေးနုပ် သောအကြံအစည်ဖြင့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ စိုးရိမ် ထိတ်လန့် ကြောက်ရွံ့မှုဖြစ်လာစေရန်ရည်ရွယ်၍ စာသင်ကျောင်းများ မီးရှို့ ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းတို့ကို ဦးတည်ပြုလုပ်လာသည်။

ထိုသို့ ယုတ်မာပက်စက်သည့် အကြမ်းဖက်လုပ်ရပ်များသည် မည်သည့်နိုင်ငံ တွင်မျှ ပြုလုပ်လေ့မရှိဘဲ ပြုလုပ်ပါကလည်း မည်သည့်နိုင်ငံကမျှ လက်မခံဘဲ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။ မြန်မာနိုင်ငံ မှ အသိမဲ့အကြမ်းဖက်သမားများ၏ ယုတ်မာပက်စက်မှုများကို ပြည်သူများအားလုံး က သိမြင်လာကြပြီး အကြမ်းဖက်မှုမှန်သမျှကို လက်မခံဆန့်ကျင်တိုက်ဖျက်လို စိတ်များဖြစ်ပေါ်လျက်ရှိသည်။ အမှန်တကယ်တွင် အကြမ်းဖက်အဖျက်သမားများ သည် ပြည်သူများ အကြောက်တရားကြီးမားလာအောင် အတင့်ရဲခြိမ်းခြောက် နေခြင်းဖြစ်ပြီး ယခုအခါလုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်အဖျက်သမားများကို ထိထိရောက်ရောက် ရှာဖွေတိုက်ဖျက်နှိမ်နင်းလျက်ရှိသဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးသာမက ပြည်သူများဘဝလုံခြုံရေးကို စောင့်ရှောက်ကာကွယ်ပေးလျက်ရှိပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မော်ဘီမြို့နယ်နှောကုန်း(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း



**မော်ဘီ နိုဝင်ဘာ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် နှောကုန်း(တောင်)ကျေးရွာတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ခြောက်လဘတ်ဂျက်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ယနေ့တွင် မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်စိုးနှင့် ဝန်ထမ်းများက နှောကုန်း(တောင်)ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံ၍ စီမံကိန်းအကြောင်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက် ကျေးရွာကော်မတီဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရန်ပုံငွေကျပ်သိန်း ၃၀၀ ထောက်ပံ့**

မြို့နယ်ဦးစီးမှူး ဦးတင်စိုးက မြစိမ်းရောင် ကျေးရွာစီမံကိန်းဆောင်ရွက်သည့် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာနေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်ရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းအတိုးရငွေဖြင့်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်မည့် စီမံကိန်းဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းခဲ့ကာ ကျေးရွာအမှိုက်ကင်းစင်ရေးလုပ်ငန်းများကိုပါစည်းရုံးဆောင်ရွက်ခဲ့ပြီး ကျေးရွာကော်မတီဝင် ခုနစ်ဦးကို မဲပေးရွေးချယ်ခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့စနစ်တကျ လက်ဆေးစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၅ - ၁၁ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၅၃၃ | ၄,၅၈၅,၆၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၁,၃၄၆ | ၄,၃၁၀,၂၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၂၁,၀၀၀ | ၂၂,၀၀၀ | ၁၆၂ | ၃,၄၅၂,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| EFR | ၂,၉၅၀ | ၂,၉၅၀ | ၉ | ၂၆,၅၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၄၆.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၆.၅၆ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၃.၁၃၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၅.၅၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၁၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၀၈.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၀၉.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၆.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၉.၄၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုနားလည်လာမည်

**မိမိတို့နိုင်ငံလျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရာတွင် အသိပညာ အတတ်ပညာပေါကြွယ်ဝသည့် လူသားအရင်းအမြစ်များ မရှိမဖြစ်လိုအပ်သဖြင့် ပညာရေးနှင့်ပတ်သက်သည့် အားနည်းသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရေးမြင့်မားမှသာ အသိပညာနှင့်အတတ်ပညာများ တတ်မြောက်လာပြီး ဒီမိုကရေစီကိုနားလည်လာမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုနားလည်လာမည်ဖြစ်ကြောင်း။**

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၅-၁၀-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံ အလေးပြုပွဲစစ်ရေးပြဆပ်ကော်မတီ၊ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ မီးရှူး မီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီများမှ ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကော်မတီများအလိုက် စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက

**(၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားအား အနှစ်သာရရှိစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်ရန်၊ ကိုဗစ် - ၁၉ စည်းကမ်းချက်များနှင့် အညီ ကျင်းပနိုင်ရေးဆောင်ရွက်ရန်၊ ဧည့်ခံကျွေးမွေးမှုများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရန်၊ မီးရှူးမီးပန်းများပစ်ဖောက်ရာတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပရာတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်၍ရသည့် အားကစားပြိုင်ပွဲများကိုသာ ကျင်းပရန်နှင့် အခြားလိုအပ်သည်များအား ဖြည့်စွက်မှာကြား**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားအား အနှစ်သာရရှိစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား စနစ်တကျဖြင့်ကြပ်မတ်ဆောင်ရွက်ရန်၊ ကိုဗစ် - ၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပနိုင်ရေး ဆောင်ရွက်ရန်၊ ဧည့်ခံကျွေးမွေးမှုများ စနစ်တကျဖြစ်စေရေးဆောင်ရွက်ရန်၊ မီးရှူးမီးပန်းများပစ်ဖောက်ရာတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပရာတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်၍ရသည့် အားကစားပြိုင်ပွဲများကိုသာ ကျင်းပရန်နှင့် အခြားလိုအပ်သည်များအား ဖြည့်စွက်မှာကြားသည်။

**အဆင့်ရှိစွာကျင်းပနိုင်ရေး**

ထို့နောက် (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးတွင် လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်လာသည်ကို တွေ့ရှိရပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အဆင့်အနှစ်သာရရှိသည့် လွတ်လပ်ရေးနေ့ အခမ်းအနားဖြစ်သည့်အတွက် နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာဖြင့် အဆင့်ရှိစွာကျင်းပနိုင်ရေး ဆပ်ကော်မတီများအလိုက် စနစ်တကျကြပ်မတ်စစ်ဆေးဆောင်ရွက်ကြရန်လိုကြောင်း၊ အခမ်းအနားများအားလုံးအား လုံခြုံရေးအရ စနစ်တကျဖြစ်စေရေး တာဝန်ရှိသူများအနေဖြင့် သတိရှိစွာဖြင့် စနစ်တကျ စီမံဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးသည် နိုဝင်ဘာ ၁ ရက်မှ ၄ ရက်အထိ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁ ရက်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် သထုံမြို့နယ် မရမ်းကုန်း-ထိန်ပင်လမ်း(ဘူဒင်းချောင်-ထိန်ပင်လမ်းပိုင်း) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ နိုဝင်ဘာ ၂ ရက်တွင် ရေးမြို့နယ် ချောင်းတောင်ကျေးရွာအထကခွဲ RC နှစ်ထပ်ကျောင်းဆောင်နှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ကဗျာဝ-တရုတ်ထောက် ပင်လယ်ကမ်းခြေပတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို လည်းကောင်း၊ နိုဝင်ဘာ ၃ ရက်တွင် ကျိုက်မရောမြို့နယ် ရေးဟောင်းသမိုင်းဝင် မဟာဖားဘောင်လှိုင်ဂူတော်အဝင်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် လမ်းတာပေါင်အကာအကွယ်နံရံတည်ဆောက်ခြင်းလုပ်ငန်း၊ အံကစင်-မွန်စု-ကော့ခလိန် ကတ္တရာခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ နိုဝင်ဘာ ၄ ရက်တွင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူဒေသရှိ သစ္စာအေးမြိုင်ကျေးရွာအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ကတ္တရာလမ်း ပေ ၆၀၀၀ ခင်းခြင်းလုပ်ငန်းနှင့် ၂၀၂၁-၂၀၂၂ (၆ လ) ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လှိုင်းဘွဲမြို့နယ် ရင်းဘိုင်ချောင်းကူး ပေ ၁၄၀ RC တံတားတည်ဆောက်မည့် လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း အမှန်တကယ် ဆောင်ရွက်ပေးရန် လိုအပ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေများ လျာထားဆောင်ရွက်သွားရေး၊ လမ်းတံတားလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးနှင့် ရေရှည်ကောင်းမွန်စေရန် ဆောင်ရွက်သွားရေး မှာကြားသည်။

**လိုအပ်သည်များမှာကြား**

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ သထုံခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၊ ကျိုက်ထို၊ ဘီးလင်း၊ ရေး၊ သံဖြူဇရပ်၊ ကျိုက်မရောနှင့် ဘားအံမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ သထုံ၊ ရေးနှင့် ဘားအံမြို့များရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းများ၊ မုဒုံ၊ ရေး၊ ဘားအံနှင့် မြိုင်ကြီးငူမြို့များရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို သွားရောက်စစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများကို တွေ့ဆုံ၍လိုအပ်သည်များမှာကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်တွင်း ပြည်ပ ပညာရှင်များ၏ စာအုပ်စာစောင်များကို လက်လှမ်းတမီ လွယ်ကူစွာလေ့လာနိုင်ရေး တက္ကသိုလ်စာကြည့်တိုက်များ အဆင့်မြှင့်တင်ရန်လို

**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်သည် အဓိကအခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူသင်တန်းများအနေဖြင့် ပုံမှန်သင်ကြားသင်ယူမှုလုပ်ငန်းများအပြင် နိုင်ငံတကာ၏ နောက်ဆုံးပေါ်နည်းပညာရပ်များကို မျက်ခြည်မပြတ် လေ့လာနိုင်ရေးသည် ခေတ်မီစာကြည့်တိုက်များအပေါ် များစွာတည်မှီနေကြောင်း၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၏ စာအုပ်စာတမ်းများ၊ သုတေသနစာတမ်းများ၊ နည်းပညာရပ်ဆိုင်ရာ စာအုပ်စာစောင်များကို လက်လှမ်းတမီ လွယ်ကူစွာ လေ့လာနိုင်ရေးအတွက် တက္ကသိုလ်စာကြည့်တိုက်များ အဆင့်မြှင့်တင်ရန်လိုအပ်ကြောင်း ယနေ့တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဆေးတက္ကသိုလ်များ၏ စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက တာဝန်ရှိသူများကို ဆွေးနွေးပြောကြားသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်-လန်ချန်း အစီအစဉ်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးတက္ကသိုလ်စာကြည့်တိုက်၊ အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ဗဟိုဌာန (ACARE) စာကြည့်တိုက်နှင့် မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဆေးတက္ကသိုလ်စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်စာကြည့်တိုက်များတွင် ရှိနေသည့် ရှားပါးစာအုပ်များကို ဒစ်ဂျစ်တယ်စနစ်အဖြစ် ပြောင်းလဲသိမ်းဆည်းနိုင်ရေး၊ သုတေသနစာတမ်းများ၊ ပညာရပ်ဆိုင်ရာ စာအုပ်စာစောင်များနှင့် နည်းပညာရပ်ဆိုင်ရာ လေ့လာဖွယ်ရာများကို ပိုမိုကျယ်ပြန့်စွာ လေ့လာနိုင်ရေးအတွက် တက္ကသိုလ်စာကြည့်တိုက်များ အချင်းချင်းအကြား နက်ဝပ်ချိတ်ဆက်ဆောင်ရွက်ရေးနှင့် နိုင်ငံတကာစာကြည့်တိုက်များနှင့် ချိတ်ဆက်နိုင်ရေး တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ချက်များကို လည်းကောင်း၊ ကျောင်းဧရိယာအတွင်း အင်တာနက်ကွန်ရက် အခမဲ့အသုံးပြုနိုင်ရေးနှင့် စာကြည့်တိုက်များသို့ လွယ်ကူစွာ ဝင်ရောက်နိုင်ရေး၊ သက်ဆိုင်ရာဒေသများတွင် လုပ်ငန်းခွင် လက်တွေ့သင်တန်းဝင်နေကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာကြည့်တိုက်များသို့ အင်တာနက်ကွန်ရက်မှ ဝင်ရောက်အသုံးပြုနိုင်သကဲ့သို့ ဆက်သွယ်မှုဧရိယာပြင်ပအခြေအနေများတွင် လေ့လာနိုင်ရန် ဒေတာများ အလွယ်တကူ ရယူသိမ်းဆည်းနိုင်သည့်စနစ်များ ထည့်သွင်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ စည်ပင်သာယာဈေးများအတွင်း စွန့်ပစ်အမှိုက်လျှော့ချရေး စီမံဆောင်ရွက်နေမှုနှင့် ရေစီးရေလာကောင်းမွန်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာသပ်ရပ်ရေး လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၇ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၀) ရပ်ကွက်ရှိ ဒဂုံရွှေပြည်ဈေးသို့ သွားရောက်၍ ဈေးအတွင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျ ဈေးရောင်း၊ ဈေးဝယ် ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၂၇) ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဘဲတန်းချောင်းကူးတံတားသို့ သွားရောက်၍ ကောက်ကွေ့သည့် ချောင်းလမ်းကြောင်းအား တစ်ဖြောင့်တည်းဖြစ်စေရန် တူးဖော်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်းနှင့် ရေကူးကန်သို့ သွားရောက်၍ ရေကူးကန် ပြန်လည်ဖွင့်လှစ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒဂုံသီရိပန်းခြံဘေးတွင် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ EM Bokashi မြေသြဇာထုတ်လုပ်ရန် စွန့်ပစ်သစ်ပင်အကိုင်းအခက်များကို ကြိတ်ခွဲစက်နှစ်လုံးဖြင့် ခုတ်၊ ဖြတ်၊ ခွဲနေမှုကို လည်းကောင်း၊ ဒဂုံသီရိပန်းခြံ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။



ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် သင်္ဃန်းကျွန်းမြို့နယ် စံပြရပ်ကွက် လေးထောင့်ကန်လမ်းမကြီး သင်္ဃန်းကျွန်း ကွန်ကရစ်ဖျော်စက်ရှေ့မှ ကားကြီးဂိတ်အထိ အရှည် ၁၄၀၂ ပေ၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မ ကွန်ကရစ်လမ်းသားတိုးချဲ့နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် ဖြူဟ္မစိုရ်လမ်းရှိ ပတ္တမြားဈေးသို့ သွားရောက်၍ ရောင်းဝယ်ဖောက်ကားနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အတွင်း ကျရောက်သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင် ဆောင်ရွက်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြိုင်ပွဲတွင် မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသောခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာ ရေးသားမှုပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဂ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font)၊ စာလုံးအရွယ်အစား – ၁၄ (Font Size 14 )၊ စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် တစ်လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပါသည်။

(င) ပြိုင်ပွဲဝင်များပေးပို့သည့် စာမူများသည် မိမိကိုယ်တိုင်ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး ပေးပို့လာသည့်စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့်စာမူများ မဖြစ်စေရပါ။

(စ) ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးအား ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆုများစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု နှစ်ဆုစုစုပေါင်း ငါးဆုကို ချီးမြှင့်မည်ဖြစ်ပြီး ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်သည်။ (ဆုငွေအား ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်ပါသည်။)

ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard / Soft –copy) တစ်စုံစီ၊ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုချက်၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ သုံးပုံ၊ ဆက်သွယ်ရန်လိပ်စာ ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ်-၂၃၊ နေပြည်တော် (တယ်လီဖုန်းအမှတ် ၊ ၀၆၇-၄၀၄၂၅၀၊ ၀၆၇-၄၀၄၂၅၁၊ အီးမေးလ် dswwdd2021@gmail.com သို့ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသော ဆောင်းပါးများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

ဆုရရှိသူများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ရုံးအမှတ်(၂၃) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်း၊ မီဒီယာလုပ်ငန်းများ ပြန်လည်ရှင်သန်နိုင်ပါစေ

**ကိုလူလှ**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ အကျိုးဆက်တွေကြောင့် ပြည်သူအများ လူမှုစီးပွားဘဝတွေမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့ကြရပါတယ်။ နိုင်ငံတော်ကလည်း တစ်ဖက်တစ်လမ်းက အတတ်နိုင်ဆုံး ကူညီထောက်ပံ့ဖြည့်ဆည်း ဆောင်ရွက်ပေးတာတွေ ပြုလုပ်လျက်ရှိပါတယ်။ ဒါပေမဲ့လည်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရင်ဆိုင်ကြုံတွေ့နေကြတာကြောင့် အားလုံး ကိုယ်စီကိုယ်စီ အပြည့်အဝမလုပ်ပေးနိုင်တာကို နားလည်ကြပါတယ်။ အမှန်တကယ်လိုအပ်နေသူတွေကို သင့်တင့်သလောက် အထောက်အပံ့ ပေးနိုင်တာကိုပဲ ကျေနပ်မိပါတယ်။

ဒီအခက်အခဲတွေကို နိုင်ငံတော်နဲ့ အဖွဲ့အစည်းတချို့က ကူညီတာတွေ၊ ထောက်ပံ့တာတွေ ပြုလုပ်ကြပါတယ်။ အခက်အခဲဖြစ်နေချိန်မှာ၊ အကူအညီလိုအပ်နေချိန်မှာ ကူညီတာ၊ ထောက်ပံ့တာဟာ တရားတော်နဲ့အညီ ဖြစ်ပါတယ်။ လောကလူသားတွေ ကောင်းကျိုးချမ်းသာ ဖြစ်စေဖို့အတွက် တရားတော်မှာ ညွှန်ပြထားတာက ပေးကမ်းထောက်ပံ့ချီးမြှင့်တာ၊ အားပေးစကားပြောကြားတာ၊ သူ့အကျိုးပြီးမြောက်အောင် ဆောင်ရွက်ပေးတာ၊ ကိုယ်နဲ့ထပ်တူဆက်ဆံတာတွေဟာ သင်္ဂဟတရားလေးပါးဖြစ်ပါတယ်။ ထကြွလုံ့လဝီရိယရှိတာ၊ အကျိုးဖြစ်ထွန်းလာတာတွေကို ထိန်းသိမ်းစောင့်ရှောက်တာ၊ မိတ်ကောင်းဆွေကောင်းရှိတာ၊ အကုန်နဲ့အရ မျှတအောင် ဆောင်ရွက်တာတွေဟာ သမ္ပဒါတရားလေးပါး ဖြစ်ပါတယ်။ ဒုက္ခအခက်အခဲရောက်နေတဲ့သူတွေအပေါ်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့ ဥပေက္ခာထားတာတွေဟာ ဗြဟ္မဝိဟာရတရားလေးပါးဖြစ်ပါတယ်။ ဒီတရားတွေနဲ့အညီ လုပ်ကိုင်ဆောင်ရွက်ကြရင် လောကကြီးဟာ အေးချမ်းသာယာဝပြောမှာ ဖြစ်ပါတယ်။

### အခက်အခဲဖြစ်နေ

ယနေ့ကာလမှာ လူသားတွေ ထိခိုက်ခံစားနေကြရတာက တစ်ကမ္ဘာလုံးရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ အဓိကပတ်သက်ပါတယ်။ ကိုဗစ်-၁၉ ရောဂါရဲ့ နောက်ဆက်တွဲအကျိုးဆက်ကြောင့်သိသိသာသာထိခိုက်ခံစားခဲ့ကြရတဲ့သူတွေဟာ အားလုံးလိုလိုပါပဲ။ ထိခိုက်ခံစားရတဲ့လုပ်ငန်းနယ်ပယ်တွေအနက် ခရီးသွားလုပ်ငန်းနဲ့ဆက်နွယ်တဲ့လုပ်ငန်းတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ ပညာရေးလုပ်ငန်းတွေ၊ စာပေ၊ ဂီတ၊ အနုပညာနယ်ပယ်နဲ့ မီဒီယာတွေဟာ လုံးဝထိခိုက်ခဲ့တဲ့ လုပ်ငန်းတွေလို့ ဆိုရမှာဖြစ်ပါတယ်။ တချို့လုပ်ငန်းတွေဆိုရင် လုံးဝရပ်ဆိုင်းသွားပြီး ပြန်လည်ဦးမော့လာဖို့ပင် မလွယ်ကူတော့တဲ့ အခြေအနေရှိပါတယ်။ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနယ်ပယ်တွေဆိုရင် ကြီးကြီးမားမား ထိခိုက်ခံစားနေရတာကို တွေ့မြင်နေရပါတယ်။ ဒီနယ်ပယ်တွေမှာ အသက်မွေးဝမ်းကျောင်းပြုတဲ့ အသိပညာရှင်၊ အတတ်ပညာရှင်၊ အနုပညာရှင်အများစုဟာ သူတို့တတ်တဲ့ပညာကလွဲလို့ အခြားဘာကိုမှမလုပ်ကိုင်နိုင်ကြတဲ့အတွက် စားဝတ်နေရေး အခက်အခဲဖြစ်နေကြတဲ့သူတွေ အများကြီး ရှိပါတယ်။

ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်လို့ ပြည်သူတွေ အခက်အခဲဖြစ်နေတဲ့ကာလ၊ အကူအညီလိုအပ်နေတဲ့အချိန်မှာ ကူညီဆောင်ရွက်ပေးတာတွေ၊ ထောက်ပံ့လှူဒါန်းပေးတာတွေကို တွေ့ရှိရတဲ့အခါ ဝမ်းမြောက်ပီတိဖြစ်ရပါတယ်။ ကူညီဆောင်ရွက် ထောက်ပံ့လှူဒါန်းပေးမှုတွေအတွက် ကျေးဇူးတင်မိပါတယ်။ ပြီးခဲ့တဲ့အောက်တိုဘာလ ၁၃ ရက်က (၄၄) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ ပြန်ကြားရေးဝန်ကြီးဌာနတို့က ကျပ်သိန်း ၁၀၀ စီ လှူဒါန်းခဲ့တာ၊ သက်ကြီးရုပ်ရှင်အနုပညာရှင် တစ်ရာကျော်ကို ထောက်ပံ့လှူဒါန်းတာတွေ တွေ့ရလို့ အတိုင်းမသိဝမ်းမြောက်မိပါတယ်။ အခုလို အခက်အခဲဖြစ်နေချိန်၊ လိုအပ်နေချိန်မှာ ထောက်ပံ့လှူဒါန်းတာဟာ လောကပါလတရားနဲ့အညီ ထောက်ပံ့ထိုက်သူကို စေတနာသန့်သန့်နဲ့ ချီးမြှောက်ခြင်းသာ ဖြစ်ပါတယ်။ ဒါကို မေတ္တာ၊ ကရုဏာ၊ မုဒိတာမပွားနိုင်ဘဲ ဣဿာမစ္ဆရိယ ဖြစ်တဲ့သူတွေကို တွေ့ရတော့လည်း စိတ်မသက်မသာဖြစ်ရပြန်ပါတယ်။

> **မြန်မာနိုင်ငံမှာရှိတဲ့ ရုပ်ရှင်လောက၊ ဂီတလောက၊ သဘင်လောကနဲ့ ရုပ်နားလိုက်ရတဲ့စာပေထုတ်ဝေရေးလုပ်ငန်းတွေ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာထုတ်ဝေရေးလုပ်ငန်းတွေနဲ့ သတင်းမီဒီယာလုပ်ငန်းတွေအတွက် ကျပ်ငွေ ၁၅ ဘီလီယံဆိုတာ လောက်ငတဲ့ငွေကြေးအတိုင်းအတာပမာဏတော့မဟုတ်ပါဘူး။ မလောက်ငပေမယ့်လည်း ရရှိတဲ့အတိုင်းအတာပမာဏနဲ့ ထပ်ပေါင်းဖြည့်စွက်ပြီးတော့ မိမိတို့လုပ်ငန်းတွေ ပြန်လည်ရှင်သန်အောင် ကြိုးစားအားထုတ်ကြရမှာဖြစ်ပါတယ်။ ရရှိလာမယ့်ချေးငွေကို ထိုက်ထိုက်တန်တန် တူတူတန်တန် ထိထိရောက်ရောက် အသုံးချရမှာဖြစ်ပါတယ်။ အခုလိုကာလမှာ ပြည်သူတွေအနေနဲ့လည်း အခက်အခဲဖြစ်နေကြတဲ့အချိန်အခါမို့ အသိပညာဗဟုသုတနဲ့ ဖျော်ဖြေရေး၊ အပန်းဖြေရေးလုပ်ငန်းတွေကို နည်းနည်းနဲ့ကျဲကျဲဝိုင်းကြရမှာဖြစ်**

### ချေးငွေထုတ်ချေးပေး

ဒါ့အပြင် ကိုဗစ်-၁၉ ကာလမှာ လုပ်ငန်းမလည်ပတ်တော့ဘဲ အခက်အခဲဖြစ်နေသူတွေအတွက် ငွေချေးပေးမယ့်သတင်းကို ကြားသိလိုက်ရပါတယ်။ အခုလို အလွန်သက်သာတဲ့နှုန်းထားနဲ့ ငွေချေးပေးတာဟာလည်း လိုအပ်နေတဲ့အချိန်၊ အခက်အခဲဖြစ်နေတဲ့အချိန်မှာ အထောက်အပံ့ကောင်းဖြစ်တဲ့ ကူညီဖြည့်ဆည်းပေးခြင်းဖြစ်လို့ မင်္ဂလာရှိတဲ့သတင်းကောင်းဖြစ်ပါတယ်။ သူ့အကျိုးပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်းဖြစ်လို့ သင်္ဂဟတရားနဲ့ညီတဲ့ ကောင်းသောကိစ္စဖြစ်ပါတယ်။ ယခင်က ကိုဗစ်ကာလမှာ လုပ်ငန်းမလည်ပတ်ဘဲ အခက်အခဲဖြစ်နေတဲ့ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်တွေကို ငွေချေးပေးခဲ့ဖူးပါတယ်။ ယခုလည်း ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ စီးပွားရေးသက်ရောက်မှုတွေအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးက ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုတွေရှိနေတဲ့ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်း၊ မီဒီယာလုပ်ငန်းတွေကို ချေးငွေထုတ်ချေးပေးဖို့ ဖိတ်ခေါ်ထားတာဖြစ်ပါတယ်။

ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်း၊ မီဒီယာတွေကို ဘဏ္ဍာရေးဆိုင်ရာအကူအညီတွေ ပေးအပ်နိုင်ဖို့အတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ကျပ်ငွေ ၁၅ ဘီလီယံ ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ပေးသွားမယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ရုပ်ရှင်လောက၊ ဂီတလောက၊ သဘင်လောကနဲ့ ရုပ်နားလိုက်ရတဲ့ စာပေထုတ်ဝေရေးလုပ်ငန်းတွေ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာထုတ်ဝေရေးလုပ်ငန်းတွေနဲ့ သတင်းမီဒီယာလုပ်ငန်းတွေအတွက် ကျပ်ငွေ ၁၅ ဘီလီယံ ဆိုတာ လောက်ငတဲ့ ငွေကြေးအတိုင်းအတာပမာဏတော့ မဟုတ်ပါဘူး။ မလောက်ငပေမယ့်လည်း ရရှိတဲ့ အတိုင်းအတာပမာဏနဲ့ ထပ်ပေါင်းဖြည့်စွက်ပြီးတော့ မိမိတို့လုပ်ငန်းတွေ ပြန်လည်ရှင်သန်အောင် ကြိုးစားအားထုတ်ကြရမှာဖြစ်ပါတယ်။ ရရှိလာမယ့် ချေးငွေကို ထိုက်ထိုက်တန်တန် တူတူတန်တန် ထိထိရောက်ရောက် အသုံးချရမှာဖြစ်ပါတယ်။ အခုလိုကာလမှာ ပြည်သူတွေအနေနဲ့လည်း အခက်အခဲဖြစ်နေကြတဲ့အချိန်အခါမို့ အသိပညာဗဟုသုတနဲ့ ဖျော်ဖြေရေး၊ အပန်းဖြေရေးလုပ်ငန်းတွေကို နည်းနည်းနဲ့ကျဲကျဲ ဝိုင်းကြရမှာဖြစ်ပါတယ်။

### သက်သာတဲ့နှုန်းထား

အဆိုပါချေးငွေကို ကဏ္ဍအလိုက်သတ်မှတ်ထားတဲ့စည်းကမ်းချက်တွေနဲ့ ကိုက်ညီတဲ့ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်း၊ မီဒီယာလုပ်ငန်းတွေကို အတိုးနှုန်း တစ်ရာခိုင်နှုန်းနဲ့ ချေးငွေကာလ တစ်နှစ် သတ်မှတ်ပြီး ချေးယူခွင့်ပြုသွားမှာဖြစ်ပါတယ်။ ချေးငွေလျှောက်လွှာတွေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ရန်ကုန်မြို့သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးတွေမှာ ရယူနိုင်ပါတယ်။

ဒါ့အပြင် သတ်မှတ်ထားတဲ့ ဝက်ဘ်ဆိုက်လိပ်စာတွေမှာ ထုတ်ယူနိုင်သလို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြန်/ဆက်ရုံးတွေမှာလည်း ရယူနိုင်ပါတယ်။ လျှောက်လွှာတွေကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့အထိ လက်ခံပေးသွားမှာဖြစ်ပြီး သတ်မှတ်ထားတဲ့ကဏ္ဍတွေနဲ့ စည်းကမ်းအချက်အလက်တွေနဲ့ကိုက်ညီတဲ့လုပ်ငန်းတွေကို ချေးငွေထုတ်ချေးပေးသွားမှာဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါတယ်လို့ သိရပါတယ်။

ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်း၊ မီဒီယာတွေဆိုတာ လုပ်ငန်းပမာဏ၊ လုပ်ငန်းသဘာဝတစ်ခုနဲ့တစ်ခု မတူတဲ့လုပ်ငန်းတွေဖြစ်ပါတယ်။ အခြားစီးပွားရေးလုပ်ငန်းတွေနဲ့မတူဘဲ လုပ်ငန်းပမာဏကျယ်ပြန့်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏလည်း များပြားပါတယ်။ ဝင်ငွေရလမ်းဟာလည်း အောင်မြင်မှုအပေါ်မူတည်ပြီး ခန့်မှန်းရခက်ပါတယ်။ ချေးငွေဆိုတာ အချိန်တန်ရင် ပြန်ဆပ်ရမှာဖြစ်တဲ့အတွက် ကုန်ကျစရိတ်တွေကို ချင့်ချင့်ချိန်ချိန်ခြိုးခြံချွေတာပြီး ချီးမြှင့်ငွေတွေ၊ အနုပညာကြေးတွေ ယခင်နဲ့မတူ လတ်တလောလျှော့နည်းမှာကိုလည်း နားလည်ပေးကြရမှာဖြစ်ပါတယ်။ ဒီလောကသားအားလုံးဟာ အခက်အခဲတွေ ကိုယ်စီရှိကြတာဖြစ်ပြီး စည်းကမ်းချက်တွေ၊ လိုအပ်ချက်တွေရှိလို့ ချေးငွေမရတဲ့သူတွေအနေနဲ့လည်း နားလည်ပေးကြဖို့လိုပါတယ်။ ချေးငွေရရှိလာတာကြောင့် လုပ်ငန်းပြန်စဖို့ အားယူနိုင်တာဟာ အခွင့်အလမ်းတစ်ခုပါပဲ။

### လောကသာယာရေး

ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်း၊ မီဒီယာတွေ ပြန်လည်ရှင်သန်ရေးကို အားပေးကူညီထောက်ပံ့ပေးဖို့ နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် မြန်မာပြည်တစ်ဝန်းက မွန်းကျပ်နေတဲ့ပြည်သူတွေ အပန်းဖြေလန်းဆန်းစေရေး ဆောင်ကြဉ်းပေးမယ့် ရုပ်ရှင်၊ ဂီတ၊ သဘင်လောက ပြန်လည်ရှင်သန်ရေးကို ပြည်သူအားလုံးက မျှော်လင့်နေကြပါတယ်။ ယခုအခါမှာ ကိုဗစ်-၁၉ ရောဂါဟာလည်း နိုင်ငံတော်နဲ့ သက်ဆိုင်ရာတို့က အလေးထားဆောင်ရွက်ပေးမှုနဲ့ မြန်မာပြည်သူပြည်သားတွေ တက်တက်ကြွကြွ အသိစိတ်ရှိရှိနဲ့ ပါဝင်ဆောင်ရွက်ခဲ့ကြလို့ ရောဂါဖြစ်ပွားမှုဟာ နယ်စပ်ဒေသတချို့မှလွဲလို့ တစ်နိုင်ငံလုံးမှာဖြစ်ပွားမှု ကျဆင်းသွားပြီဖြစ်ပါတယ်။ ရောဂါဖြစ်ပွားမှု ကျဆင်းသွားလို့ ရုပ်ရှင်ရိုက်ကူးတင်ဆက်ပြသရေးတွေ၊ ဂီတထုတ်လုပ်ဖျော်ဖြေမှုတွေ၊ သဘင်တင်ဆက်ဖျော်ဖြေမှုတွေကို ကျန်းမာရေးစည်းကမ်းတွေကို ပစ်ပယ်မထားဘဲ စတင်နိုင်ကြတော့မှာဖြစ်ပါတယ်။

ယခုအခါ ပြည်သူတွေ စိတ်နှလုံးချမ်းမြေ့ပျော်ရွှင်မှုတွေနဲ့ အသိပညာဗဟုသုတတွေ တိုးပွားလာစေရေးအတွက် စတင်လမ်းပွင့်လာပြီ ဖြစ်ပါတယ်။ အနုပညာလောကကသားတွေ၊ စာပေ၊ သတင်းလောကသားတွေ ပြန်လည်ရှင်သန်လာမယ့်လမ်းစဖြစ်လို့ ကောင်းသောဤအမှုအတွက် မုဒိတာပွားရပါတယ်။

ဝမ်းမြောက်စွာ ကြိုဆိုရပါတယ်။

လောကပါလတရားတွေကို ဆိုင်ရာဆိုင်ရာအလိုက် လိုက်နာကျင့်သုံးကြမယ်ဆိုရင် မြန်မာ့လူ့ဘောင်လောကလည်း ပြန်လည်သာယာဝပြောလာမှာဖြစ်ပါတယ်။ ။

■


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းစိုး ရှင်းလင်းဆွေးနွေးစဉ်။


ပြည်သူ့ဒီမိုကရက်တစ်ပါတီမှ ဦးဌေးကျော် ဆွေးနွေးစဉ်။


ပြည်သူ့ရှေ့ဆောင်ပါတီမှ ဒေါက်တာမျိုးဆက်သွေး ဆွေးနွေးစဉ်။


ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီမှ ဦးမျိုးညွန့် ဆွေးနွေးစဉ်။


ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးလှသိန်း ဆွေးနွေးစဉ်။


ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ဦးစိုင်းအိုက်ပေါင်း ဆွေးနွေးစဉ်။

☆ ကျောဖုံးမှ
နိုင်ငံရေးပါတီ ၁၆ ပါတီကလည်း PR စနစ်နှင့်စပ်လျဉ်းသည့် စာတမ်းများပေးပို့ခဲ့ပြီး မေလထဲ၌ ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲဆုံးဖြတ်ချက်အတိုင်း ယခုရွေးကောက်ပွဲစနစ်နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးပွဲတွင် လာမည့်ရွေးကောက်ပွဲအတွက် ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေအရ ကျင့်သုံးဆောင်ရွက်သင့်သော ရွေးကောက်ပွဲစနစ်များကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများက စာတမ်းများကို ဖတ်ကြား ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

**နှစ်မျိုးတွေ့ရ**

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် အမျိုးမျိုးသော နိုင်ငံရေးဆိုင်ရာ ရွေးကောက်ပွဲစနစ်များနှင့် တူညီမှုမရှိသော မဲပေးပုံစနစ်များကို တွေ့ရမည်ဖြစ်ပြီး ထိုသို့သော စနစ်များကို ကျင့်သုံးကြရာတွင် အခြေခံအနေဖြင့် နှစ်မျိုးတွေ့ရပါကြောင်း၊ ယင်းတို့မှာ မဲများသူ အနိုင်ရသည့်စနစ် FPTP နှင့် အချိုးကျ ကိုယ်စားပြုစနစ် PR တို့ဖြစ်ကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း ကျင်းပခဲ့သည့် ပါလီမန်အထွေထွေရွေးကောက်ပွဲများ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ကျင်းပခဲ့သည့် ရွေးကောက်ပွဲများ၊ ၁၉၉၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် မဲများသူအနိုင်ရသည့်စနစ် FPTP ကိုသာ ကျင့်သုံးခဲ့ပြီး နိုင်သူအကုန်ယူသည့် မဲပေးသောစနစ်နှင့်အတူ ကြီးပြင်းလာခဲ့သူများဖြစ်သည့်အလျောက် ဤစနစ်ကိုပင် ဒီမိုကရေစီနိုင်ငံအများအပြားက ကျင့်သုံးသည်ဟု မှတ်ယူခဲ့ကြပါကြောင်း၊ ပြောင်းလဲခဲ့သည့် ခေတ်ကာလအခြေအနေအရ ဒီမိုကရေစီနိုင်ငံအများစုသည် မဲဆန္ဒနယ်တစ်နယ်တွင် ကိုယ်စားလှယ်တစ်ဦး ရွေးကောက်သည့်စနစ်မှာ ခေတ်နောက်ကျ၍ မျှတမှုမရှိသဖြင့် နိုင်ငံအများအပြားက ယင်းစနစ်ကို ငြင်းပယ်ခဲ့ကြပြီး အချိုးကျကိုယ်စားပြုစနစ်ကို အစားထိုးကျင့်သုံးနေသည်ကို တွေ့မြင်ရမှာဖြစ်ပါကြောင်း၊ နိုင်သူအကုန်ယူစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရာတွင် ထောက်ခံဆန္ဒမဲ ၅၁ ရာခိုင်နှုန်းရရှိသည့် ကိုယ်စားလှယ်လောင်းသည် အနိုင်ရရှိသဖြင့် ၁၀၀ ရာခိုင်နှုန်းကို ကိုယ်စားပြုခြင်း အခွင့်အရေးကို ရရှိသွားပြီး ၄၉ ရာခိုင်နှုန်းရရှိသည့် အခြားကိုယ်စားလှယ်လောင်းသည် ကိုယ်စားပြုခွင့် လုံးဝရရှိခြင်းမရှိသဖြင့် ၄၉ ရာခိုင်နှုန်းသော မဲဆန္ဒရှင်များ၏မဲများမှာ အဟောသိကံဖြစ်ခဲ့ရကြောင်း၊ အချိုးကျကိုယ်စားပြုခြင်းဆိုသည့် သဘောတရားမှာ အများစုသည် ဆုံးဖြတ်ပိုင်ခွင့်ရှိသော်လည်း လူတိုင်းလူတိုင်းသည် ကိုယ်စားပြုခွင့်ရှိသည်ဆိုသည့်အချက်ပင် ဖြစ်ပါကြောင်း။

**ယှဉ်ပြိုင်စေခြင်းဖြစ်**

PR စနစ်သည် မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာသတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်းအလိုက် ရရှိသည့် ထောက်ခံဆန္ဒမဲအပေါ် မူတည်၍ ရွေးကောက်ခံရသည့်ကိုယ်စားလှယ်ဦးရေကို သတ်မှတ်ပေးသည့်စနစ်လည်း ဖြစ်ပါကြောင်း၊ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယင်းတို့ရရှိသော ထောက်ခံဆန္ဒမဲအပေါ်မူတည်၍ ရွေးကောက်တင်မြှောက် ခံနိုင်ပါကြောင်း၊ PR စနစ်၏ အားသာချက်များမှာ လူဦးရေအချိုးအစားအလိုက် ညီမျှသော ကိုယ်စားလှယ် အရေအတွက်ရရှိခြင်း၊ ပါတီများအနေဖြင့် ရရှိသော ဆန္ဒမဲအချိုးအစားအလိုက် ကိုယ်စားလှယ်အရေအတွက် သတ်မှတ်နိုင်ခြင်းကြောင့် ပါတီငယ်များ၊ တိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် တစ်သီးပုဂ္ဂလများလည်း အခွင့်အရေးရကြောင်း၊ အခြေခံမဲအရေအတွက်အလိုက် ကိုယ်စားလှယ်နေရာ ရရှိနိုင်၍ တစ်ပါတီကြီးစိုးသောစနစ် အားနည်းသွားစေခြင်း၊ အဟောသိကံဖြစ်သော မဲများလျော့ပါးစေ၍ ပြည်သူများ၏ဆန္ဒနှင့် အနီးစပ်ဆုံး ညီမျှမှုကို ပေးစွမ်းနိုင်သဖြင့် မဲပေးမှုနှုန်း အားကောင်းစေနိုင်ကြောင်း။

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူများမှာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန်ဖြစ်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထွေထွေရွေးကောက်ပွဲနှစ်ကြိမ် ကျင်းပခဲ့ရာ လွှတ်တော်အတွင်း၌ အင်အားကြီးပါတီတစ်ခုကသာ အားသာပြီး အစိုးရဖွဲ့နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပါတီစုံဖြစ်လာခဲ့လျှင် လွှတ်တော်အတွင်း အဆုံးအဖြတ်ပေးရာ၌ ညှိနှိုင်းဆောင်ရွက်ရမှုများကြောင့် ပါတီအချင်းချင်း ထိန်းညှိနိုင်ခြင်းစသည့် အားသာချက်များရှိလာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ပျံ့နှံ့စွာနေထိုင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ ယခုလို PR စနစ်ကို ပြောင်းလဲကျင့်သုံးလာပါက လူမျိုးစုငယ်များအပါအဝင် တိုင်းရင်းသားများအနေဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးစသည့် ကဏ္ဍများမှာ အချိုးကျပါဝင်လာနိုင်မည်ဖြစ်၍ ပိုမိုပြီးမျှမျှတတရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

**အသေးစိတ်ရှင်းလင်း**

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်သုံးရပ်လုံးတွင် မဲဆန္ဒနယ်ခွဲဝေခြင်းအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ရာ မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီမှ ဦးဌေးကျော်က ကော်မရှင်မှ ရှင်းလင်းတင်ပြချက်များသည် ပြီးပြည့်စုံသဖြင့် ထပ်မံဆွေးနွေးရန် မရှိကြောင်းနှင့် သဘောတူပါကြောင်း၊ ပြည်သူ့ရှေ့ဆောင်ပါတီမှ ဒေါက်တာမျိုးဆက်သွေးက ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုး ရှင်းလင်းသည့် အချိုးကျကိုယ်စားပြုစနစ်တစ်ခုဖြစ်သည့် Closed List နှင့် စတင်ဆောင်ရွက်ပြီး ရွေးကောက်ပွဲကာလ သက်တမ်းနှစ်ခုဖြတ်သန်းပြီးမှ Open List ကို သွားသင့်ပါကြောင်း။

**ဆွေးနွေး**

ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီမှ ဦးမျိုးညွန့်က PR စနစ်ပြောင်းလဲကျင့်သုံးခြင်းကို ကြိုဆိုကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အာဏာသုံးရပ်ကို ဆောင်ရွက်နိုင်သည့်အတွက် ဥပဒေပြင်ဆင်ရေးများကို ရဲရဲဝံ့ဝံ့ဆောင်ရွက်စေလိုပါကြောင်း၊ နောင်ကျင်းပမည့်ရွေးကောက်ပွဲများတွင် PR စနစ်ကို ပြောင်းလဲသင့်ကြောင်းနှင့် PR စနစ်နှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဆိုပြုချက်ကို ထောက်ခံကြောင်း၊ စာတမ်းရေးသား တင်ပြထားပါကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးလှသိန်းက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ရှင်းလင်းချက်နှင့် မိမိတို့ပါတီ အဆိုပြုတင်ပြချက်မှာ မဲဆန္ဒနယ်ခွဲဝေမှုတွင်သာ အနည်းငယ် ကွဲလွဲမှုရှိပါကြောင်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ဦးစိုင်းအိုက်ပေါင်းက PR စနစ် ပြောင်းလဲကျင့်သုံးပါက မဲမသမာမှု လျော့နည်းသွားနိုင်ကြောင်းနှင့် တစ်နိုင်ငံလုံးကို မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ဆောင်ရွက်ခြင်းမပြုစေလိုကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဌာနမှ PR စနစ်နှင့်စပ်လျဉ်းသည့် ဆွေးနွေးချက်များနှင့် ပေါင်းစပ်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲစနစ်ဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး အခမ်းအနားသို့ နိုင်ငံရေးပါတီ ၅၃ ပါတီမှ ကိုယ်စားလှယ် ၉၃ ဦး၊ စိတ်ပါဝင်စား၍ တက်ရောက်သူ အရပ်ဘက်ကိုယ်စားလှယ် ၂၀ စုစုပေါင်း ၁၁၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငါးလုပ်ငန်းသိပ္ပံကျောင်း(တွံတေး)၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်လှစ်

**တွံတေး နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော ငါးရိက္ခာများ ပိုမိုစားသုံးနိုင်ရေးအတွက် ငါးလုပ်ငန်းသိပ္ပံကျောင်း(တွံတေး)၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ကျင့်စဉ်(GAqP) သင်တန်းအမှတ်စဉ် (၁/၂၀၂၁)ကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ဆွေနှင့် တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်မြင့်တို့က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ငါးလုပ်ငန်းသိပ္ပံကျောင်း(တွံတေး) တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာမောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် GAqPမွေးမြူရေးဆိုင်ရာ ဆွေးနွေးမှု၊ ငါးမျိုးစိတ်များရွေးချယ်ခြင်းနှင့် ထိန်းသိမ်းမွေးမြူခြင်း၊ ငါးအစာစီမံခန့်ခွဲမှု၊ ငါးမွေးကန်များဖော်ခြင်းနှင့် ဖော်ပြီးနောက် စီမံခန့်ခွဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါစီမံခန့်ခွဲမှု၊ ဓာတုပစ္စည်းများနှင့် တိရစ္ဆာန်သုံး မွေးမြူရေးဆိုင်ရာ ဆေးဝါးများစီမံခန့်ခွဲမှု၊ ရာသီဥတုပြောင်းလဲခြင်းနှင့် မိုးလေဝသအခြေအနေများ၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု စသည့်သင်ခန်းစာများကို နှစ်ရက်တာ စာတွေ့၊ လက်တွေ့ ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသားဦးရေ ၂၃ ဦး တက်ရောက်သည်။

**သတင်းစဉ်**



# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မောင်းလိုင်စင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကိုဗစ်-၁၉ ရောဂါကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ခေတ္တရပ်ဆိုင်းထားသည့် ယာဉ်မောင်းလိုင်စင်ဝန်ဆောင်မှုလုပ်ငန်းများအား တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံးများအားလုံးတွင် (၈.၁၁.၂၀၂၁) ရက်နေ့မှစ၍ အောက်ပါအတိုင်း ပြန်လည်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်-

(က) **ယာဉ်မောင်းလိုင်စင်အသစ် ဖြေဆိုထုတ်ပေးခြင်း**

(၁) ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ “ခ” ယာဉ်မောင်းလိုင်စင်၊ “ဃ” ယာဉ်မောင်းလိုင်စင်၊ “င”ယာဉ်မောင်းလိုင်စင် အသစ်ဖြေဆိုမည့်သူများသည် Online Booking စနစ်ဖြင့် ကြိုတင်ရက်ချိန်းရယူကြရန်ဖြစ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း၊ ရေးဖြေဖြေဆိုခြင်းနှင့် လက်တွေ့ယာဉ်မောင်းဖြေဆိုခြင်းများကို တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)တွင် ဖွင့်လှစ်လက်ခံဆောင်ရွက်ပေးသွားပါမည်။

(၂) ကျန်တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံးများ [မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး လက်အောက်ခံရုံးများဖြစ်သော ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) တို့မှအပ] တွင် ဖြေဆိုမည့်သူများသည် Online Booking ရယူရန်မလိုဘဲ သက်ဆိုင်ရာရုံး အစီအစဉ်ဖြင့် ဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးသွားပါမည်။

(ခ) **ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း**

(၁) ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းအတွက် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး လက်အောက်ခံရုံးများအားလုံးတွင် “က-၁” ယာဉ်မောင်းလိုင်စင်၊ “က” ယာဉ်မောင်းလိုင်စင်၊ “ခ” ယာဉ်မောင်းလိုင်စင်၊ “ဃ” ယာဉ်မောင်းလိုင်စင်၊ “င” ယာဉ်မောင်းလိုင်စင်များကို Online Booking စနစ်ဖြင့် ရက်ချိန်းရယူပြီးမှ လက်ခံဆောင်ရွက်ပေးပါမည်။

(၂) ကျန်တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံးများတွင် Online Booking ရယူရန်မလိုဘဲ သက်ဆိုင်ရာရုံးအစီအစဉ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးပါမည်။

၂။ အောက်ပါကာလအတွင်း သက်တမ်းကုန်ဆုံးရက် ကျရောက်နေသော ယာဉ်မောင်းလိုင်စင်များအား ယှဉ်တွဲပါ ဒဏ်ကြေးကင်းလွတ်ခွင့်ကာလအတွင်း နှစ်လဲသက်တမ်းတိုး လာရောက်ဆောင်ရွက်ကြရန် ဖြစ်ပါသည်-

| စဉ် | လိုင်စင်သက်တမ်းကုန်ဆုံးရက် | | | | ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည့်ကာလ | | |
|---|---|---|---|---|---|---|---|
| (က) | ၁.၆.၂၀၂၀ | မှ | ၃၀.၆.၂၀၂၀ | အတွင်း | ၈.၁၁.၂၀၂၁ | မှ | ၃၀.၁၁.၂၀၂၁ အထိ |
| (ခ) | ၁.၉.၂၀၂၀ | မှ | ၃၀.၉.၂၀၂၀ | အတွင်း | ၈.၁၁.၂၀၂၁ | မှ | ၃၁.၁၂.၂၀၂၁ အထိ |
| (ဂ) | ၁.၁၀.၂၀၂၀ | မှ | ၃၁.၁၂.၂၀၂၀ | အတွင်း | ၈.၁၁.၂၀၂၁ | မှ | ၃၁.၁.၂၀၂၂ အထိ |
| (ဃ) | ၁.၁.၂၀၂၁ | မှ | ၃၁.၃.၂၀၂၁ | အတွင်း | ၈.၁၁.၂၀၂၁ | မှ | ၂၈.၂.၂၀၂၂ အထိ |
| (င) | ၁.၄.၂၀၂၁ | မှ | ၃၀.၆.၂၀၂၁ | အတွင်း | ၈.၁၁.၂၀၂၁ | မှ | ၃၁.၃.၂၀၂၂ အထိ |
| (စ) | ၁.၇.၂၀၂၁ | မှ | ၃၀.၉.၂၀၂၁ | အတွင်း | ၈.၁၁.၂၀၂၁ | မှ | ၃၀.၄.၂၀၂၂ အထိ |
| (ဆ) | ၁.၁၀.၂၀၂၁ | မှ | ၃၀.၁၁.၂၀၂၁ | အတွင်း | ၈.၁၁.၂၀၂၁ | မှ | ၃၁.၅.၂၀၂၂ အထိ |

၃။ ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့ခြင်းကြောင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတစ်ဆက်တည်း (၅)နှစ်ကျော်၍ နှစ်ပြတ်နိုင်သည့် အောက်ပါယာဉ်မောင်းလိုင်စင်များသည် ယှဉ်တွဲပါ ဒဏ်ကြေးကင်းလွတ်ခွင့်ကာလအတွင်း သက်တမ်းတိုးဆောင်ရွက်ရန်နှင့် ၎င်းသတ်မှတ်ကာလ ကျော်လွန်ပါက (၅)နှစ်ကျော်နှစ်ပြတ်လိုင်စင်အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်-

| စဉ် | လိုင်စင်သက်တမ်းကုန်ဆုံးရက် | | | | ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည့်ကာလ | | |
|---|---|---|---|---|---|---|---|
| (က) | ၁.၆.၂၀၁၅ | မှ | ၃၀.၆.၂၀၁၅ | အတွင်း | ၈.၁၁.၂၀၂၁ | မှ | ၃၀.၁၁.၂၀၂၁ အထိ |
| (ခ) | ၁.၉.၂၀၁၅ | မှ | ၃၀.၉.၂၀၁၅ | အတွင်း | ၈.၁၁.၂၀၂၁ | မှ | ၃၁.၁၂.၂၀၂၁ အထိ |
| (ဂ) | ၁.၁၀.၂၀၁၅ | မှ | ၃၁.၁၂.၂၀၁၅ | အတွင်း | ၈.၁၁.၂၀၂၁ | မှ | ၃၁.၁.၂၀၂၂ အထိ |
| (ဃ) | ၁.၁.၂၀၁၆ | မှ | ၃၁.၃.၂၀၁၆ | အတွင်း | ၈.၁၁.၂၀၂၁ | မှ | ၂၈.၂.၂၀၂၂ အထိ |
| (င) | ၁.၄.၂၀၁၆ | မှ | ၃၀.၆.၂၀၁၆ | အတွင်း | ၈.၁၁.၂၀၂၁ | မှ | ၃၁.၃.၂၀၂၂ အထိ |
| (စ) | ၁.၇.၂၀၁၆ | မှ | ၃၀.၉.၂၀၁၆ | အတွင်း | ၈.၁၁.၂၀၂၁ | မှ | ၃၀.၄.၂၀၂၂ အထိ |
| (ဆ) | ၁.၁၀.၂၀၁၆ | မှ | ၃၀.၁၁.၂၀၁၆ | အတွင်း | ၈.၁၁.၂၀၂၁ | မှ | ၃၁.၅.၂၀၂၂ အထိ |

၄။ ဒဏ်ကြေးငွေလျှော့ပေါ့ခွင့်ပြုထားသည့် သတ်မှတ်ကာလများအတွင်း အချိန်မီလာရောက် ဆောင်ရွက်ခြင်းမပြုပါက ဒဏ်ကြေးငွေလျှော့ပေါ့ခွင့်ရမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## မိုင်းဆတ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း

**မိုင်းဆတ် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်မည့် ကျတီကျေးရွာအုပ်စု နားယန်းကျေးရွာအား မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေတိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များကို ကျေးရွာပြည်သူများကိုယ်တိုင် စနစ်တကျရွေးချယ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူကျေးရွာသားများကိုယ်တိုင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ခုနစ်ဦးအား မဲပေးရွေးချယ်ခဲ့ကြောင်း သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)

## လားရှိုး၌ ရပ်ကွက်ချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**လားရှိုး နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၈)ရှိ ပြည်ထောင်စုလမ်းနှင့် ရပ်ကွက်(၁)၊ ရပ်ကွက်(၄)တို့၏ရပ်ကွက်ချင်း ဆက်လမ်းဟောင်းကို ပြန်လည်ဖော်ထုတ်၍ ကတ္တရာလမ်းသစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်ချင်းဆက်လမ်းဖြစ်သည့် တပ်ဦးကျောင်းလမ်းအကျယ်ပေ၃၀၊ အရှည် ၁၈၃၂ ပေအား လမ်းအုကြောင်းဖော်ခြင်း၊ မြေပြုပြင်ခြင်း၊ မြေဖို့ခြင်းများ ဆောင်ရွက်ခဲ့ရာ ငွေကျပ် ၅၅၀၀၀၀၀ ကုန်ကျခဲ့ပြီး လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနကလည်း မြောင်းဖော်ခြင်း၊ ဆိုင်းဘုတ်များ ဖယ်ရှားရှင်းလင်းခြင်း၊ အဝင်လမ်းချဲ့ခြင်းနှင့် လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့သည်။ လားရှိုးမြို့နယ်စီမံခန့်ခွဲရေးကော်မတီက ဖြုန်းကားအစီး ၄၀၊ ကျင်းပေါင်း ၁၂၀ ကျော်ကို ကူညီပေးခဲ့ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မြေဖို့ခြင်းလုပ်ငန်းကို ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သိန်း ၂၀ နှင့် VeVe ကုမ္ပဏီက ငွေကျပ်သိန်း ၅၀ ပံ့ပိုးလှူဒါန်းပေးခဲ့သည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဖြစ်မြောက်ရေးအတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ပြည်နယ်အရန်ကတ္တရာမှ ၁၄ ဒသမ ၅၇ တန် ထောက်ပံ့၍ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနမှ နည်းပညာ၊ စက်ယန္တရားနှင့် စက်သုံးဆီများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၂၁၀

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၅-၁၁-၂၀၂၁)ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Anti-inflammatory** | | | | |
| 1 | Injection- Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 2 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 3 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 4 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 5 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 6 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 7 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 8 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 9 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 10 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ကျောက်တန်းမြို့နယ် ဘန့်ဘွေးကုန်းဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သဘာဝရေပြင်၊ မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်တမံ၊ ကန်များတွင် ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာများကို ပိုမိုစားသုံးနိုင်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းက ကျောက်တန်းမြို့နယ် ဘန့်ဘွေးကုန်းဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် ကျောက်တန်းမြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးခင်ဝင်း၊ လေးထောင့်ကန် ငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်သင်းသင်းခိုင်နှင့် ဝန်ထမ်းများက ဘန့်ဘွေးကုန်းဆည်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ လေးသိန်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ IMF ၏ RCF/ RFI ချေးငွေများနှင့်ပတ်သက်၍ ရှင်းလင်းချက်

**အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ IMF ၏ RCF/RFI ချေးငွေများနှင့်ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယခုကဲ့သို့ ဖြေကြားခဲ့ပါသည်-**



မေး။ ။ သတင်းမီဒီယာတွေမှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF အနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် ဒေါ်လာသန်း ၃၇၂ သန်းဟာ လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထဲမှာ ပျောက်ဆုံးနေတယ်လို့ ဖော်ပြနေကြပါတယ်။ ဒီသတင်းတွေနဲ့ပတ်သက်ပြီး ပြန်လည်ရှင်းလင်းပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ။ ။ ပထမဆုံးပြောလိုတာကတော့ သတင်းမီဒီယာတွေရဲ့ ဖော်ပြချက်၊ IMF တွေရဲ့ ပြောကြားချက်တွေကိုလည်း ကျွန်တော်တို့တွေ့ရပါတယ်။ ဒါတွေဟာ စိစစ်မှုမရှိဘဲနဲ့ လိုရာဆွဲပြီးပြောကြားနေတဲ့ဟာတွေလို့ပဲ ပြောချင်ပါတယ်။ ဒီဟာတွေဟာ သူတို့ရေးသားတဲ့အထဲမှာ ဘာတွေ့ရလဲဆိုတော့ ဒီဟာသည် မြန်မာနိုင်ငံကို အထောက်အပံ့ပေးလိုက်တဲ့အရာကို ရေးသားနေတာတွေ့တယ်။ ပထမဦးဆုံး ပြောကြားလိုတာက ချေးငွေ ပြန်ဆပ်ရမယ့်ငွေတွေပဲဖြစ်ပါတယ်။

ဒီဟာနဲ့ပတ်သက်ပြီး သမိုင်းကြောင်းကတော့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF ကနေပြီး မြန်မာနိုင်ငံကို ကိုဗစ်-၁၉ ကာလနဲ့ဆက်စပ်ပြီးတော့ RCF/RFI ချေးငွေပေါ့။ Rapid Credit Facility (RCF) ရယ်၊ Rapid Financing Instrument (RFI)ရယ်။ အဲဒီချေးငွေတွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ရဲ့ ငွေကြေးသုံးစွဲရမယ့်ကိစ္စတွေနဲ့ စပ်လျဉ်းပြီး နားလည်မှု သဘောတူညီချက်တွေ လက်မှတ်ရေးထိုးရယူခဲ့တာဖြစ်ပါတယ်။ အဲဒီနေရာမှာ နှစ်ကြိမ်ရှိပါတယ်။ နှစ်ကြိမ်ရှိတဲ့အခါမှာ အစိုးရအနေနဲ့ကတော့ သူ့ရဲ့ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခဲ့ပါတယ်။

## နိုင်ငံတော်စာရင်းကို ပေးသွင်းခဲ့

ပထမတစ်ကြိမ်ကတော့ အမေရိကန်ဒေါ်လာ ၃၅၆ သန်းကို ၁-၇-၂၀၂၀ ရက်နေ့မှာ ဗဟိုဘဏ်မှာရှိတဲ့ အမေရိကန်ဒေါ်လာစာရင်းမှာ လက်ခံခဲ့ပြီး ရရှိတဲ့ အမေရိကန်ဒေါ်လာနဲ့ ညီမျှတဲ့ ကျပ် ၄၉၀ ဘီလီယံကို ၂-၇-၂၀၂၀ ရက်နေ့မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ နိုင်ငံတော်စာရင်းကို ပေးသွင်းခဲ့ပါတယ်။ အခုပြောနေတဲ့ ဒုတိယအကြိမ်ပေါ့၊ အမေရိကန်ဒေါ်လာ ၃၇၂ ဒသမ ၃၉၁ သန်းကိုတော့ ၂၈-၁-၂၀၂၁ ရက်နေ့မှာ ဗဟိုဘဏ်ရဲ့အမေရိကန်ဒေါ်လာစာရင်းမှာ လက်ခံပြီးတော့ အမေရိကန်ဒေါ်လာနဲ့ ညီမျှတဲ့ ကျပ် ၄၉၅ ဒသမ ၅၀ ဘီလီယံကို ၂၉-၁-၂၀၂၁ ရက်နေ့မှာပဲ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ နိုင်ငံတော်စာရင်းကို ထည့်သွင်းထားပါတယ်။ အဲဒီ ချေးငွေတွေပေါ့နော်။

ခုနကပြောတဲ့ RCF ချေးငွေတွေက ဆိုင်းငံ့ကာလ ငါးနှစ်ခွင့်ပြုပြီးတော့ ချေးငွေသက်တမ်းက ၁၀ နှစ်ဖြစ်ပါတယ်။ RFI ချေးငွေကတော့ ဆိုင်းငံ့ကာလ သုံးနှစ်ကျော်ဖြစ်ပြီးတော့ ချေးငွေသက်တမ်းက ငါးနှစ်ဖြစ်ပါတယ်။ ကျွန်တော်ပြောလိုတာ ပြန်လည်ပေးဆပ်ရမယ့် ချေးငွေတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အကြားမှာ နားလည်သဘောတူညီချက်တွေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချေးငွေထုတ်ယူခြင်းအပိုင်းကိုသာ ဆောင်ရွက်ပြီးတော့ ချေးငွေသုံးစွဲမှုများနဲ့စပ်လျဉ်းပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်ပါတယ်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ခုနကပြောတဲ့ RFI ချေးငွေဆိုင်ရာ အသုံးစရိတ်တွေနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စာရင်းစစ်ဆေးပြီးစီးမှု အစီရင်ခံစာကို အများပြည်သူ သိရှိနိုင်ဖို့အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန Website ဖြစ်တဲ့ www.mopf.gov.mm မှာ ထုတ်ပြန်ထားပါတယ်။ အဲဒီ Website မှာ ဝင်ကြည့်လို့ရပါတယ်။ အဲဒီ Website မှာ IMF ရဲ့ ခုနကပြောတဲ့ ချေးငွေနဲ့ပတ်သက်ပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ COVID-19 Economic Relief Plan (CERP)အတွက် ကျပ်သန်း ၁၀၀ နှင့်အထက် ဝယ်ယူရေးဆိုင်ရာ သတင်းအချက်အလက်တွေကို (၄)ကြိမ်၊ ကိုဗစ်-၁၉ နဲ့ဆက်စပ်တဲ့ အသုံးစရိတ်တွေကို (၃)ကြိမ်နဲ့ အစိုးရဌာန၊ အဖွဲ့အစည်းများရဲ့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နဲ့ ဆက်စပ်တဲ့အသုံးစရိတ်တွေကို အသုံးစရိတ်တွေ၊ လုပ်ငန်းစဉ်များနဲ့စပ်လျဉ်းတဲ့ စစ်ဆေးတွေ့ရှိချက်တွေကို ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ စတုတ္ထအကြိမ် ထုတ်ပြန်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလအတွင်းမှာ သူတို့ အသေးစိတ်အနေနဲ့ ထပ်မံထုတ်ပြန်ပါလိမ့်မယ်။ ပြီးရင် ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီးတော့ နေ့စဉ် အလှူခံရရှိမှုတွေ၊ စာရင်းဖွင့်လက်ကျန်တွေ၊ ဒါတွေကိုလည်း အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိပါတယ်။ နောက်ဆုံးအခြေအနေဆိုရင် ၂၅-၁၀-၂၀၂၁ ရက်နေ့ကနေ ၂၉-၁၀-၂၀၂၁ ရက်နေ့အထိ စာရင်းဖွင့်လက်ကျန်တွေ၊ ရရှိငွေတွေ၊ စာရင်းပိတ်လက်ကျန်တွေ၊ ပြီးရင် ကျွန်တော်တို့ ဆေးဝယ်ယူမှုစရိတ်တွေကို တင်ထားပြီးဖြစ်ပါတယ်။ ခုနက Website မှာ သွားရောက်ကြည့်ရှုလို့ရပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူမှုနဲ့ပတ်သက်ပြီးလည်း အဲဒီထဲမှာ အသေးစိတ်စာရင်းများရှိပါတယ်။

နောက်ဆုံးစာရင်းအနေနဲ့ကတော့ ၂၉-၁၀-၂၀၂၁ ရက်နေ့အထိ ထုတ်ပြန်ခဲ့တဲ့အထဲမှာ ၂၇-၁၀-၂၀၂၁ ရက်နေ့မှာ တရုတ်နိုင်ငံ Sinopharm ကုမ္ပဏီ နောက်ဆုံးအရစ် ပေးချေငွေဆိုပြီးတော့ ကျွန်တော်တို့ ချေထားတဲ့ ငွေကြေးပမာဏလည်း အဲဒီမှာ ပါဝင်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောလိုတာကတော့ အစိုးရတစ်ရပ်အနေနဲ့ကတော့ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရှိ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိပါတယ်။

## တမင်သက်သက် အထင်လွဲအောင်

ဒါတွေနဲ့ပတ်သက်ပြီး ဒီဟာတွေကို မလေ့လာဘဲနဲ့ ထုတ်ပြန်တာတွေ၊ သိရှိလျက်သားနဲ့ မသိကျိုးကျွန်ပြုပြီး ထုတ်ပြန်တာတွေ၊ သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းခြင်းမရှိဘဲနဲ့ ထုတ်ပြန်တာတွေဟာ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်တွေမှာ တမင်သက်သက် အနှောင့်အယှက်ဖြစ်အောင်၊ နိုင်ငံတကာအနေနဲ့ တမင်သက်သက် အထင်လွဲအောင် လုပ်ဆောင်နေခြင်းလို့ပဲ မြင်ပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ လုပ်ဆောင်ခဲ့တာတွေနဲ့၊ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး လုပ်ဆောင်ခဲ့တာတွေ ပြောပြီးဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ကတော့ နိုင်ငံတော်ရဲ့တာဝန်ကို ရယူထိန်းသိမ်းခြင်း မပြုမီကတည်းက ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်မှာ တက်တက်ကြွကြွ ဆောင်ရွက်ခဲ့တယ်။ ပြီးရင် ကျွန်တော်တို့တပ်မတော်သားတွေအနေနဲ့ တပ်မတော်သားတစ်ဦးချင်းအနေနဲ့ရော၊ တပ်မတော်အရာရှိကြီးတွေအနေနဲ့ရော နိုင်ငံတော်က ထူထောင်ထားတဲ့ ကိုဗစ်-၁၉ ကာကွယ်ကုသရေးရန်ပုံငွေမှာ အကြိမ်ကြိမ် ထည့်ဝင်ခဲ့ပါတယ်။ သူတို့လစာငွေထဲကနေ အကြိမ်ကြိမ်ထည့်ဝင်ခဲ့တာမျိုးတွေ ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ပြောလိုတာက ပြည်သူလူထုပဲဖြစ်ဖြစ်၊ သတင်းမီဒီယာများပဲဖြစ်ဖြစ် ဒီသတင်းတွေနဲ့ပတ်သက်လာရင်၊ အသေးစိတ်သတင်းများနဲ့ ပတ်သက်လာရင် သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ Website တွေမှာ သွားရောက်လေ့လာနိုင်ပါတယ်။ ကြည့်ရှုနိုင်ပါတယ်။ သွားရောက်ကြည့်ရှုပြီး လေ့လာပြီးမှ လုပ်ဆောင်တာက ပိုပြီးတော့ အကျိုးဖြစ်ထွန်းစေမယ်လို့ ပြောချင်ပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံမှာ ဇူလိုင်လအတွင်းက ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၄၀ ရာခိုင်နှုန်းကျော်အထိ တွေ့ရှိခဲ့ပါတယ်။ အခု တာဝန်ရှိသူတွေလည်း ပြောပြီးဖြစ်ပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့အနေနဲ့ လေးရာခိုင်နှုန်းအောက်ရောက်ရှိပြီ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ပတ်သက်ပြီး အစိုးရရဲ့ လုပ်ဆောင်ချက်တွေ၊ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုတွေဟာ ဘယ်လောက်ထိ ထိရောက်ကြောင်းကို လက်တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူလူထုအနေနဲ့လည်း အစိုးရရဲ့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်တွေမှာ ယခင်ကလိုပဲ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

## အေးအတူ ပူအမျှ

❖ ချို့အီဆိမ့်မွှေး၊ စားကောင်းကျွေးလည်း
မွေးမိစီမံ၊ ကောက်ညှင်းဆန်မှျ
အာခံတွင်းထက် မမြိုးမြက်။

❖ ပိုးဖဲဆင်မည်၊ ကမ်းလှမ်းသည်လည်း
ဖျင်ထည်ချည်ရက်၊ အမိလက်မှျ
နှစ်သက်ခုံမင် မဝတ်ချင်။

❖ နတ်နန်းမှုကို၊ နေပါဆိုလည်း
တဲအိုလွတ်လပ်၊ မိနေရပ်မှျ
နေအပ်သည်ပင် မမှတ်ထင်။

❖ ပျားရည်ဆမ်းထား၊ နှုတ်ခမ်းခါးဖြင့်
မြှောက်စားပင့်ဆို၊ နားဝင်ချိုစေ
ကောင်းလိုမှတ်ပိုက်၊ အမေရိုက်က
နှစ်ခြိုက်ခံသာ စေတနာ။

❖ မိခင်ပီစွာ၊ ကိုယ့်အိမ်သာစိမ့်
ရုန်းကာနေဆဲ၊ သည်ဆင်းရဲကို
အံခဲခံယူ၊ မလိုသူ၏
မြူဆွယ်ကျူးသွင်း၊ မသက်ဆင်းပြီ...
သွေးချင်း တစ်စိတ်တစ်ဝမ်းတည်း။ ။

ကို(စစ်တက္ကသိုလ်)

# ရာသီတုပ်ကွေးရောဂါဖြစ်ပေါ်လျက်ရှိသော လယ်ဝေးမြို့နယ်ရှိ ကျေးရွာများ၌ တပ်မတော်မှ ဆေးအဖွဲ့များက ကျန်းမာရေးစစ်ဆေးကုသပေး

နေပြည်တော် နိုဝင်ဘာ ၅

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် လယ်တာကြီးကျေးရွာနှင့် ဝက်ပုတ်ကျေးရွာတို့၌ ရာသီတုပ်ကွေးရောဂါကြောင့် နာမကျန်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသဖြင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် အဆိုပါကျေးရွာများသို့ သွားရောက်၍ ဒေသခံပြည်သူများအား လိုအပ်သည့် ဆေးဝါးကုသခြင်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသည်။

ဦးစွာ ဆေးအဖွဲ့များက အဆိုပါကျေးရွာများရှိ ကလေးသူငယ်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၄၁၄၉ ဦးတို့ကို ရာသီတုပ်ကွေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် ဒေသခံပြည်သူများအား ရာသီတုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအတွက် လိုအပ်သည့်ဆေးဝါးများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စက်သုံးဆီများ သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက တိုင်ကြားနိုင်

**နေပြည်တော်  နိုဝင်ဘာ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို စက်တင်ဘာ ၂၂ ရက်မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် ရောင်းချပေးလျက်ရှိပြီး 92 Ron ၂၆,၅၁၄,၉၃၈ လီတာ၊ ဒီဇယ် ၁၉,၅၉၅,၈၆၁ လီတာနှင့် Premium ဒီဇယ် ၂၅,၃၆၃, ၃၃၉ လီတာတို့ ဖြန့်ဖြူးရောင်းချပေးထားပြီးဖြစ်သည်။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် စက်သုံးဆီဆိုင်လိပ်စာများအား ကြေညာခဲ့ပြီးဖြစ်သည်။

ပြည်သူများအနေဖြင့် စက်သုံးဆီများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် ဖော်ပြပါဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဖုန်း၀၁-၂၅၀၂၇၀ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းဖုန်း ၀၉-၄၂၁၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

### တိုင်းဒေသကြီး /ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းစာရင်း

၅ -၁၁-၂၀၂၂

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | တစ်လီတာဈေးနှုန်း | | | ရောင်းချသည့်ဆိုင်အရေအတွက် |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၁၃၆၂ | ၁၃၃၄ | ၁၃၄၁ | ၆၉ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၁၄၀၇ | ၁၃၆၉ | ၁၃၇၆ | ၅၁ |
| ၃ | နေပြည်တော် | ၁၄၅၂ | ၁၃၇၅ | ၁၃၈၁ | ၈ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး | ၁၄၆၇ | ၁၃၇၅ | ၁၃၈၁ | ၂ |
| ၅ | ရှမ်းပြည်နယ် | ၁၄၁၂ | ၁၃၇၄ | ၁၃၈၁ | ၂၂ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၄၆၂ | ၁၃၇၀ | ၁၃၇၆ | ၉ |
| ၇ | ရခိုင်ပြည်နယ် | ၁၄၅၇ | ၁၄၂၉ | ၁၄၃၆ | ၆ |
| ၈ | မွန်ပြည်နယ် | ၁၃၉၇ | ၁၃၆၉ | ၁၃၇၆ | ၂၆ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၄၀၂ | ၁၃၆၉ | ၁၃၇၆ | ၆ |
| ၁၀ | ပဲခူးတိုင်းဒေသကြီး | ၁၃၇၇ | ၁၃၄၉ | ၁၃၅၆ | ၂၃ |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၁၃၈၂ | ၁၃၅၄ | ၁၃၆၁ | ၁၉ |
| ၁၂ | ကချင်ပြည်နယ် | ၁၅၀၇ | ၁၄၁၅ | ၁၄၂၁ | ၄ |
| ၁၃ | ကယားပြည်နယ် | ၁၄၄၂ | ၁၄၀၅ | ၁၄၂၁ | ၁ |
| | | စုစုပေါင်း | | | ၂၄၆ |

### ရန်ကုန်တိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၁ | MMTM- Tamwe | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အရှေ့မျဉ်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ် |
| ၂ | MMTM- Ywama | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ် |
| ၃ | MMTM- North Dagon | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ပင်လုံလမ်း၊မြောက်ဒဂုံ |
| ၄ | MMTM-Thingankyun | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | သံသုမာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ် |
| ၅ | KS(019) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | မှော်ဘီအမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၆ | Moon Sun Energy (Shwe Pyi Thar) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ်(၄)လမ်းမကြီး၊ သာခုကန်စက်မှုဇုန်အနီး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၇ | Moon Sun Energy (Hlaing Thar Yar) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ်(၁၅)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ မြစ်မိုးရောင်အိမ်ရာ၊ ဒဂုံရောအဝေးပြေးရှေ့၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၈ | Moon Sun Energy (NOK) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ် (၁၆၃/ ၁)၊ သုနန္ဒာလမ်းနှင့် သုမေ္ဓာလမ်းထောင့်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၉ | Moon Sun Energy (South Dagon) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ်(၁/၇၁၃၊၂/၇၁၃)၊ ၂၁ ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုန်အနီး၊ ပြည်ထောင်စုလမ်းမကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၀ | Moon Sun Energy (Insein) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ်(၄၅)၊ ဘူတာရုံလမ်း(ခ) လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၁ | Moon (Kyi Myin Daing) | ၁,၃၇၀ | ၁,၃၄၉ | ၁,၃၅၆ | သီတာလမ်း၊ ကြည့်မြင်တိုင်မြို့နယ် |
| ၁၂ | Puma Power 009 | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ရတနာလမ်းမပေါ်၊ တောင်ဥက္ကလာပ |
| ၁၃ | Yadana Petrol Station(သန်လျင်) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | အမှတ်(၁၀)၊သိမ်ကျောင်းလမ်း၊ မြို့သစ်အလယ်ရပ်ကွက်၊သန်လျင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၄ | Yadana Petrol Station (ဥက္ကံ) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၁၀/ခ)၊ပြည်လမ်း၊ အနော်ရထာရပ်ကွက်၊ ဥက္ကံမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၅ | Yadana Petrol Station(ကျောက်တန်း) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၈၃၆)၊ သန်လျင်-ကျောက်တန်းလမ်းမကြီး၊ ဆင်ကန်ရပ်ကွက်၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၆ | Yadana Petrol Station(ကော့မှူး) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | မကျီးကန်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမကြီး၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၇ | Yadana Petrol Station (ကွမ်းခြံကုန်း) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၈၁)၊ ဗိုလ်ချုပ်လမ်း၊ ကန်ကြီးပိုင်းရပ်ကွက်၊ ကွမ်းခြံကုန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၈ | Yadana Petrol Station (ဒလ) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ဒလ-တွံတေးကားလမ်း၊ စာပါချောင်ရပ်ကွက်၊ ဒလမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၉ | Yadana Petrol Station (တိုက်ကြီး) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အိုးတန်းရပ်ကွက်၊ ပြည်လမ်း၊ တိုက်ကြီးမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၀ | Yadana Petrol Station(ခရမ်း) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၃)ရပ်ကွက်၊ ခရမ်း-ရန်ကုန်လမ်းမကြီး၊ ခရမ်းမြို့နယ်၊အေးချမ်းသာမြို့သစ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၁ | Yadana Petrol Station (သုံးခွ) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အောင်ဇေယျလမ်း၊ အမှတ်(၅)ရပ်ကွက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၂ | Asia Energy - လှိုင်သာယာပန့်ဆိုင် (ရန်ကုန်) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | တံတားဖြူမှတ်တိုင်၊ အမှတ်(၈)ရပ်ကွက်၊ ဦးပုညလမ်းနှင့် မကွေးလမ်းထောင့်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၂၃ | Thuwana | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | သံသုမာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ် |
| ၂၄ | Mhawbi(1) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ရန်ကုန်-ပြည်လမ်းမကြီး၊မှော်ဘီမြို့နယ် |
| ၂၅ | South Oakkalar | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | သံသုမာလမ်း၊ တောင်ဥက္ကလာပ |
| ၂၆ | Dala | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ဒလ-တွံတေးကားလမ်း၊ |
| ၂၇ | Mingalardon (Pyinmapin) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ရန်ကုန်-ပြည်လမ်းမကြီး၊မင်္ဂလာဒုံမြို့နယ် |
| ၂၈ | 360° Petro (Satsan) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် |
| ၂၉ | 360° Petro (Danyingone) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | မင်္ဂလာဒုံလမ်း၊ အင်းစိန်မြို့နယ် |
| ၃၀ | 360° Petro (Thingankyun, Laydaungkan) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | လေးထောင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ် |
| ၃၁ | 360° Petro (Ayar-won, Tharkayta) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | ဧရာဝဏ်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ် |
| ၃၂ | 360° Petro (Bom-huebahtoo, North Dagon) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | ဗိုလ်မှူးဗထူးလမ်း၊မြောက်ဒဂုံမြို့နယ် |
| ၃၃ | Denko (တောင်ဒဂုံ) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ် ၁ (က-B )၊ ၁၄၂ ရပ်ကွက်၊ အမှတ် ၂ လမ်းမကြီးနှင့် ကျန်စစ်သားလမ်းထောင့်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၃၄ | Denko (ကုန်းတလပေါင်) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ် ၃ လမ်းမကြီး၊ ကုန်းတလပေါင်ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၃၅ | Denko (ဒဂုံဆိပ်ကမ်း) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ်(၁၈၃၀)၊ ၆၀ ရပ်ကွက်၊ ပဲခူးမြစ်လမ်းနှင့် အဝေရာလမ်းထောင့်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၆ | Denko (မြောက်ဥက္ကလာပ) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ်(ဃ/၁၆ H )၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာအဝိုင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဆိုင်အမှတ် (၀၂၄၃) |
| ၃၇ | Denko (သန်လျင် ၂) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ် ၆၇၁၊ ကျောင်းကန်အရှေ့ကွင်း၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကျိုက်ခေါက်ဘုရားလမ်း သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၈ | Denko (မြောက်ဒဂုံ-၂) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | အမှတ် (၃/စ)၊ ပြည်ထောင်စုလမ်း၊ ၂၇ ရပ်ကွက်၊ တောင်/မြောက်လမ်းဆုံအနီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၉ | Denko (အောင်ဆန်း) | ၁,၄၁၂ | ၁,၃၃၅ | ၁,၃၄၁ | စဥ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံ လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၄၀ | Denko (ရွှေပြည်သာ) | 1,412 | 1,335 | 1,341 | အမှတ် (၄၂/ ၃၀၅)၊ အမှတ် ၄ လမ်းမကြီး၊ စက်မှုဇုန် (၁)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၄၁ | Denko (လှိုင်သာယာ-၁) | 1,412 | 1,335 | 1,341 | အမှတ် (၅၈၈) ၇ ရပ်ကွက်၊ မီးခွက်ဈေးအောက်ထိပ်အနီး ရန်ကုန်-ပုသိမ်လမ်းမကြီး လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၂ | Denko (လှိုင်သာယာ ၃) | 1,412 | 1,335 | 1,341 | အမှတ်(၃/၄၉) အလယ်ရွာကျေးရွာအုပ်စု၊ ခရေပင်လမ်းမကြီး ၊ လှိုင်သာယာမြို့နယ်၊ မြောက်ပိုင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး ။ |

(ဆက်လက်ဖော်ပြပါမည်)

# ကလေးငယ်များ ဘေးကင်းစွာ ပညာသင်ယူနိုင်ဖို့ ပူးပေါင်းဆောင်ရွက်သွားကြပါစို့

**မောင်သောင်းဝင်း (တမန်ဟောင်း)**



နိုဝင်ဘာလဆန်းမှစ၍ နေပြည်တော်၌ ဆောင်းအငွေ့အသက် ခံစားနေရပြီ ဖြစ်သည်။ နံနက်စောစော မြူနှင်း ဖွေးဖွေးအောက်တွင် လမ်းလျှောက်ရင်း သန့်ရှင်းလတ်ဆတ်သောလေကို ရှူရ သည်မှာ စိတ်ချမ်းမြေ့လှသည်။ နိုဝင် ဘာလ ၁ ရက်နေ့ နံနက်ခင်းပိုင်းသည် အခြားနေ့များထက် ပိုမိုသာယာလျက် ရှိသည်။ နံနက် ၆ နာရီကျော်လောက် ကတည်းက ကျောင်းဖယ်ရီကားများ ပေါ်တွင် အဖြူ အစိမ်း ဝတ်ထားသော ကလေးငယ်များကို မြင်ရသည်မှာ မင်္ဂလာရှိလှပေသည်။ အနာဂတ်၏ သားကောင်း ရတနာလေးများသည် ကျောင်းပြန်တက်ရမည် ဖြစ်သဖြင့် တက်ကြွလန်းဆန်း ပျော်ရွှင်လျက်ရှိကြ သည်။

**ကျေနပ်ပီတိဖြစ်မိ**

ထို့အပြင် ရုံးသို့သွားရာလမ်း တစ်လျှောက်တွင်လည်း အဖြူ အစိမ်း ကျောင်းဝတ်စုံ ဝတ်ဆင်ထားပြီး ကျောပိုးအိတ်ကိုယ်စီ လွယ်ထားသော ကလေးများကို အုပ်စုလိုက်မြင်တွေ့ရ သည်။ တချို့ကလေးများသည် ဘေးတွင် မိခင်များနှင့် အုပ်ထိန်းသူများ ပါလာကြသည်။ တချို့ကမူ အုပ်စုလိုက် အားမာန်အပြည့်ဖြင့် ချီတက်သွားနေကြ သည်။ တချို့ကလေးများသည် စက်ဘီး စီးသွားကြသည်။ တချို့ကမူ ကျောင်း ကြို၊ ပို့ ကားများဖြင့် သွားနေကြသည်။ ကျောင်းဝတ်စုံနှင့် သားငယ်၊ သမီးငယ် များကို မြင်တွေ့ရခြင်းသည် တိုင်းပြည် အတွင်း၌ တည်ငြိမ်အေးချမ်းမှုရှိလာပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကျဆင်း လာပြီဆိုသော ပြယုဂ်ပင်ဖြစ်သည်။ ကျောင်းသား မိဘတစ်ဦးအတွက် မင်္ဂလာရှိသောမြင်ကွင်းပင် ဖြစ်သည်။

စာသင်ကျောင်းများ ရှေ့တွင် လည်း စည်းကမ်းထိန်းသိမ်းရေးတာဝန် ကျ ဆရာ ဆရာမများနှင့် ယာဉ်ထိန်းရဲ များကို မြင်တွေ့ရသည်။ ယခုဆိုလျှင် နိုင်ငံတော်အစိုးရသည် ၁၂ နှစ်အထက် ကလေးငယ်များကို ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီး ဖြစ်သည်။ နိုဝင်ဘာလတွင် ဒုတိယ အကြိမ် ထပ်မံထိုးနှံသွားမည် ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပိတ်ထား ရသည့်အခြေခံကျောင်းများ ပြန်ဖွင့် နေပြီ ဖြစ်သည်။ အဖျက်အမှောင့်များနှင့် ကိုဗစ်-၁၉ ရောဂါကြားကပင်လျှင် အခြေခံကျောင်းများ ပြန်ဖွင့်နိုင်အောင် စီမံခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ အေးချမ်းပျော်ရွှင်စွာဖြင့် စာသင် ကျောင်းအသီးသီးသို့ သွားနေသည့် ကလေးများကို မြင်တွေ့ရသည့်အတွက် စိတ်ထဲတွင်ကြည်နူးပီတိ ဖြစ်ရသည်။

**ပိုမိုတောက်ပြောင်လာ**

စင်စစ်အားဖြင့် ဖြူစင်သန့်ရှင်း သည့်ကျောင်းဝတ်စုံများနှင့် တက်ကြွစွာ သွားလာနေသော ကျောင်းသား ကျောင်းသူများ၏ ကြည်လင်ရွှင်ပျ နေသည့် မျက်နှာလေးများကို မြင်ရသည် မှာ စိတ်ချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။ ထိုကျောင်းသား ကျောင်းသူလေးများ သည် ပြည်ထောင်စုကြီး၏အနာဂတ်ပင် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ် တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ ပညာရည်တတ်မြောက်မှု အဆင့်အတန်း ပေါ်တွင် များစွာတည်မှီနေသည်ဆိုသော အချက်ကို ကမ္ဘာ့နိုင်ငံတိုင်းက တူညီစွာ လက်ခံထားရှိကြသည်။

ထိုနည်းတူစွာပင် ကျွန်ုပ်တို့မြန်မာ နိုင်ငံသည်လည်း မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံကိန်းများချမှတ်လျက် အမျိုး သားရေးအသွင်ဖြင့် အကောင်အထည် ဖော်လျက်ရှိသည်။ အထူးသဖြင့်နိုင်ငံတော် အစိုးရသည် ကျောင်းနေအရွယ်ကလေး အားလုံး ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးအစီအစဉ်ကို အထက် တန်းအဆင့်အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့အကောင် အထည်ဖော် ဆောင်ရွက်နိုင်မှုကြောင့် ကျောင်းနေအရွယ်ကလေးများ ကျောင်း အပ်နှံမှုနှုန်း သိသိသာသာမြင့်တက်လာခဲ့ သည်။ ကျောင်းနေမှုနှုန်းမြင့်မားလာသည် နှင့်အမျှ "ရေမြင့်ကြာတင့်" ဆိုသလို စာတတ်မြောက်မှုနှုန်းလည်း သိသာ ထင်ရှားစွာ မြင့်တက်လာမည်မှာ မြေကြီး လက်ခတ်မလွဲပင် ဖြစ်သည်။

အမှန်တော့ အသိပညာရှင်၊ အတတ် ပညာရှင် ပေါများသောနိုင်ငံတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့် နယ်ပယ်အားလုံးတွင် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့ဦးဆောင်နိုင်ငံများအဖြစ် ရပ်တည် နိုင်လေ့ရှိကြသည်။ ထို့ကြောင့် နိုင်ငံတော် အစိုးရသည် တိုင်းပြည်အတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု ငါးရာခိုင်နှုန်းအောက် ကျဆင်းလာသည့်အချိန်တွင် တက္ကသိုလ် များအပါအဝင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် အပူတပြင်းစီမံ ဆောင်ရွက်နေခြင်းဖြစ်သည်။ ပြည်သူများ အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဆိုလျှင် ကလေးများ ၏အနာဂတ်သည် ပိုမိုတောက်ပြောင် လာမည်ဖြစ်ပေသည်။

**အချိန်မီအသိပေးသင့်**

သို့သော် တချို့သောဒေသများတွင် မတရားအသင်း ကြေညာထားသည့် CRPH၊ NUG နှင့် PDF ကို ထောက်ခံသူများ၊ ပြည်ပလက်ဝေခံများ၊ ဝါဒမှိုင်းမိနေသူများ နှင့် အစွန်းရောက် Gen-Z များနှင့် အကြမ်းဖက်သမားများသည် အခြေခံ ကျောင်းများအား မီးရှို့တိုက်ခိုက်ခြင်း၊ ဗုံးထောင်ခြင်း၊ ကျောင်းအပ်လက်ခံသည့် ဆရာ ဆရာမများကို ခြိမ်းခြောက်အကျပ် ကိုင်ခြင်းနှင့် မိဘ၊ အုပ်ထိန်းသူများကို လည်း ကျောင်းအပ်နှံမှုမပြုရေး စည်းရုံး လှုံ့ဆော်ခြင်းများ လုပ်ဆောင်လျက်ရှိ သည်။ ထို့အပြင် စာသင်ကျောင်းများနှင့် ကျောင်းခြံဝင်း အုတ်တံတိုင်းများတွင် လည်း ခြိမ်းခြောက်လှုံ့ဆော်သည့်စာများ ရေးသားလျက်ရှိသည်။ အဆိုးရွားဆုံးမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမည့် ကလေးများကို အမျိုးမျိုးနှောင့်ယှက် ဟန့်တားခြင်းနှင့် ခြိမ်းခြောက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် မိဘအုပ်ထိန်း သူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ တာဝန်သိပြည်သူများ အနေဖြင့် အဖျက်အမှောင့်လုပ်ဆောင်ရန် ကြံစည်နေသူများ၏ သတင်းနှင့်လှုပ်ရှားမှု များကို သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များ သို့ အချိန်မီအသိပေးခြင်းဖြင့် ပူးပေါင်း ဆောင်ရွက်စေလိုပါသည်။

**ကလေးငယ်များ ဘေးကင်းစွာပညာသင်ယူနိုင်ဖို့ ပူးပေါင်းဆောင်ရွက်သွားကြပါစို့**

စင်စစ်အားဖြင့် ကျောင်းသား ကျောင်းသူအားလုံး ဘေးကင်းလုံခြုံပြီး ကျန်းမာပျော်ရွှင်စွာဖြင့် ပညာသင်ယူ နိုင်ရေးသည် များစွာအရေးပါလျက်ရှိ သည်။ ထို့ကြောင့် ကလေးများအတွက် သန့်ရှင်းသော မုန့်ဈေးတန်းများ၊ အိမ်သာ များ၊ လေဝင်လေထွက်ကောင်းသော စာသင်ခန်းများနှင့် အားကစားကွင်းများ ရှိနေစေရန်အတွက် ကျောင်းအကျိုးတော် ဆောင်များ၊ ကျောင်းအုပ်ကြီးများ၊ အလှူရှင်များနှင့် မိဘများ၏ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်မှုများလည်း လိုအပ်ပေ သည်။ အထူးသဖြင့် ကိုဗစ်-၁၉ ကပ် ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လက်ဆေးကန်များ၊ ဆပ်ပြာများလည်း အလုံအလောက်ထားရှိရန် လိုအပ်သည်။ ထို့အပြင် ကလေးများကို Social Distancing၊ ကျန်းမာရေးစံနှုန်းများနှင့်အညီ ပညာသင်ယူနိုင်ရေးအတွက်လည်း စီမံ ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ အထူးသဖြင့် ကျောင်းသားမိဘများ သည် ကလေးငယ်များ ဖျားနာနေလျှင် ကျောင်းသို့စေလွှတ်ခြင်းမရှိဘဲ နီးစပ် ရာဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီ သွားရောက်ပြီး ကုသမှုခံယူသင့်ပါသည်။

ဆိုရလျှင် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ် များ၏ ပညာတတ်မြောက်မှုအဆင့် အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိ သည်။ ထို့ကြောင့်နိုင်ငံတော်အစိုးရသည် ဘက်စုံထူးချွန်သော မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းရေးနှင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရေးတို့အတွက် အခမဲ့ ပညာရေးအစီအစဉ်ကို အခြေခံပညာ အထက်တန်းအဆင့်အထိ အကောင် အထည်ဖော်လျက်ရှိသည်။ ကလေးငယ် များသည် နိုဝင်ဘာလ ၁ ရက်နေ့ ကျောင်းပြန်ဖွင့်သည့်နေ့မှစ၍ အခြေခံ ပညာကျောင်းများသို့ စိတ်ဓာတ် တက်ကြွစွာဖြင့် သွားရောက်ကာ ပညာ သင်ယူလျက်ရှိသည်။ အဖြူ အစိမ်း ဝတ်ဆင်ထားသော ကလေးငယ်များ၏ ကျောင်းသွားနေကြသည့် မြင်ကွင်းမှာ တွေ့ရ၊ မြင်ရသူတိုင်းကို အပျော်ကူးစက် စေပါသည်။ မည်သို့ပင်ဆိုစေကာမူ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံပြီး ကျန်းမာပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေးနှင့် ပညာသင်နှစ် နောက်ကျမှု မဖြစ်စေရေးအတွက် နိုင်ငံသူ နိုင်ငံသားအားလုံး ပူးပေါင်း ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်း အကြံပြုလိုပါသည်။ ။

**အမှန်တော့ အသိပညာရှင်၊ အတတ်ပညာရှင်ပေါများသောနိုင်ငံတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်နယ်ပယ်အားလုံးတွင် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့ဦးဆောင်နိုင်ငံများအဖြစ် ရပ်တည်နိုင်လေ့ရှိကြသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် တိုင်းပြည်အတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု ငါးရာခိုင်နှုန်းအောက် ကျဆင်းလာသည့်အချိန်တွင် တက္ကသိုလ်များ အပါအဝင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် အပူတပြင်းစီမံဆောင်ရွက် နေခြင်းဖြစ်သည်။ ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဆိုလျှင် ကလေးများ၏အနာဂတ်သည် ပိုမိုတောက်ပြောင်လာမည်ဖြစ်**



# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၄၈၂ ဦး ထပ်မံတွေ့ရှိ

**အန်ကာရာ နိုဝင်ဘာ ၅**

တူရကီနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၄၈၂ ဦးထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၈၁၅၀၇၀၈ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၂၈ ဦးထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၇၁၅၂၆ ဦးရှိလာသည်။

တူရကီနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ပြီး တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovac ကို အသုံးပြုလျက်ရှိသည်။

လက်ရှိအချိန်အထိ ပြည်သူ ၅၅ ဒသမ ၅၄ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။

တတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုအပါအဝင် ကာကွယ်ဆေး အလုံးရေ ၁၁၇ သန်းအား ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အီရန်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၆၃၃ ဦး ထပ်မံတွေ့ရှိ

**တီဟီရန် နိုဝင်ဘာ ၅**

အီရန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၆၃၃ ဦးအား ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၉၇၃၄၅၇ ဦး ရှိလာသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၃၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၇၀၅၃ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၅၇၄၂၄၆ ဦးရှိသည်။

ကိုဗစ်-၁၉ ရောဂါ လူနာ ၃၇၃၂ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိ သည်။

လက်ရှိအချိန်အထိ ပြည်သူ ၅၄၇၆၄၀၇၁ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၃၇၇၈၄၅၄၂ ဦးသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ပြည်သူ ၃၆၀၅၇၃၁၅ ဦးအား ရောဂါရှိ၊ မရှိ စစ်ဆေးမှုများပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**





# အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်၌ ရေကြီးရေလျှံမှုဖြစ်ပွား

**ဂျကာတာ နိုဝင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ကိုတာဘာတူမြို့၌ ယမန်နေ့က ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ လူ ခြောက်ဦးသေဆုံးပြီး နေအိမ်အများအပြားမှာ ရေလွှမ်းမိုးမှုအောက်တွင် နစ်မြုပ်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီးနောက် ဒေသခံ ၁၄၀ အား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားသည်။ ယင်းဖြစ်စဉ်တွင် ပျောက်ဆုံးသူများရှိနေသဖြင့် လက်ရှိအချိန်အထိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း မိုးရွာသွန်းမှုများပြားသည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ရေကြီးမှုများနှင့် မြေပြိုမှုများပုံမှန်ဖြစ်ပေါ်လေ့ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၅၀၄ ဦး ထပ်မံတွေ့ရှိ

**ဟန္နွိုင်း နိုဝင်ဘာ ၅**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၅၀၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၉၅၃၅၄၇ ဦးရှိပြီး သေဆုံးသူပေါင်း ၂၂၄၁၂ ဦး ရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၇၄၈၇ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ၁၇ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

ထို့ပြင် ယင်းကူးစက်ခံရသူအများစုကို နိုင်ငံ၏တောင်ဘက်ပိုင်းမှ အများဆုံး စစ်ဆေးတွေ့ရှိရသည်။ ဒေါင်နန်ခရိုင်၌ ၉၅၃ ဦး၊ ဘင်ဒေါင်ခရိုင်၌ ၉၁၇ ဦးနှင့် ဟိုချီမင်းစီးတီး၌ ၉၁၂ ဦးတို့ကို အသီးသီး တွေ့ရှိရသည်။ လက်ရှိအချိန်အထိ ရောဂါမှ ပြန်လည်ကျန်းမာလာပြီး ကျန်းမာရေးအခြေအနေ ကောင်းမွန်လာသူပေါင်း ၈၃၇၃၄၇ ဦးရှိသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၈၆ သန်းကျော် ထိုးနှံပေးပြီးဖြစ်သည်။

နိုင်ငံအတွင်း ရောဂါစတင်ကူးစက်သည့်အချိန် ဧပြီလနှောင်းပိုင်းမှစပြီး ပြည်တွင်းရောဂါ ကူးစက်ခံရသူပေါင်း ၉၄၈၆၄၆ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# မလေးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂ ဒသမ ၄ သန်းကျော်ရှိလာ

**ကွာလာလမ်ပူ နိုဝင်ဘာ ၅**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၇၁၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၄၉၂၃၄၃ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၂ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၅၆၈၁ ဦးသည် ပြည်တွင်း၌ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၆၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၉၁၅၅ ဦးရှိလာသည်။ သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါမှပြန်လည်ကျန်းမာလာသည့်အတွက် ၅၈၆၅ ဦး ဆေးရုံများမှဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၂၃၉၆၂၄၄ ဦးရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၆၆၉၄၄ ဦးရှိပြီး ၅၅၅ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှုခံယူနေရပြီး ယင်းတို့အနက် ၂၈၀ သည် အသက်ရှူအထောက်အကူပြုကိရိယာများတပ်ဆင်ထားရသည်။ လက်ရှိ အချိန်အထိ ပြည်သူ ၇၈ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေးပထမအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၇၅ ဒသမ ၄ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၇၆ ဦး ထပ်မံတွေ့ရှိ

**မနီလာ နိုဝင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၇၆ ဦးထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၇၉၇၉၈၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၆၀ မှာ ထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၄၀၈၅ ဦးရှိလာသည်။

နိုဝင်ဘာ ၅ ရက်တွင် မနီလာမြို့ပြဒေသ၌ အသွားအလာကန့်သတ်မှုများ ဖြေလျှော့ခဲ့ပြီး စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခွင့်ပြုခဲ့သည်။

လက်ရှိအချိန်တွင် မနီလာမြို့ပြဒေသ၌ အသွားအလာကန့်သတ်မှုများ ဖြေလျှော့ခဲ့သော်လည်း ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု လုံးဝကင်းစင်ခြင်းမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် မာရီယာရိုဆာရီယိုဗာဂျီရီက ပြောကြားသည်။ လက်ရှိအချိန်တွင် လက်ထပ်ပွဲများနှင့် မိသားစုတွေ့ဆုံပွဲများကို ကျင်းပခွင့် ပြုထားပြီး ဒေသခံများ အပန်းဖြေနေရာများသို့ သွားရောက်အပန်းဖြေခွင့် ပြုထားကြောင်း သိရသည်။

သို့ရာတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုလျော့ကျရေးမှာ နိုင်ငံသားများ၏ ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများလိုက်နာမှုအပေါ်တွင် မူတည်နေသဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ကြရန် နိုင်ငံသားများအား မာရီယာရိုဆာရီယိုဗာဂျီရီက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**





## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၄ သန်းကျော်ရှိလာ

**နယူးဒေလီ နိုဝင်ဘာ ၅**

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၇၂၉ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၄၃၃၃၇၅၄ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၂၁ ဦးမှာ ထပ်မံသေဆုံးသဖြင့် သေဆုံးသူပေါင်း ၄၅၉၈၇၃ ဦး ရှိလာကြောင်း သိရသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာ ၁၄၈၉၂၂ ဦး ရှိပြီး ၁၂၁၆၅ ဦးမှာ ရောဂါမှပြန်လည်သက်သာပြီး ဆေးရုံမှဆင်းသွားသဖြင့် ပြန်လည်သက်သာလာသူပေါင်း ၃၃၇၂၄၉၅၉ ဦး ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းအား ဇန်နဝါရီ ၁၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ကာကွယ်ဆေးအလုံးရေ ၁၀၇၇၀၄၆၁၁၆ လုံး ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ဥရောပရှိ လက်ရှိကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရှိန်မြင့်တက်လာမှု အလွန်စိုးရိမ်ဖွယ်ရှိဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး

**ကိုပင်ဟေဂင်(ဒိန်းမတ်) နိုဝင်ဘာ ၅**

ဥရောပတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ မြင့်တက်လာမှုသည် စိုးရိမ်စရာပင်ဖြစ်ပြီး လာမည့်နှစ်အစောပိုင်းတွင် ဒေသအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် နောက်ထပ်ငါးသိန်းခန့်သေဆုံးမှုနှင့် ရင်ဆိုင်ကြုံတွေ့နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးလိုက်သည်။

လက်ရှိအချိန်တွင် ဗဟိုအာရှဒေသနိုင်ငံအများအပြားအပါအဝင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဥရောပနိုင်ငံနှင့် ဒေသပေါင်း ၅၃ ခု၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇၈ သန်းခန့်ရှိပြီး အရှေ့တောင်အာရှ၊ အရှေ့မြေထဲပင်လယ်ဒေသ၊ အနောက်ပစိဖိတ်ဒေသနှင့် အာဖရိကတို့ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေကို ကျော်လွန်သွားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ဥရောပတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေမြင့်တက်လာရခြင်း၏ အကြောင်းရင်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အားနည်းခြင်းနှင့် ဒေသအတွင်း အသွားအလာကန့်သတ်မှုဖြေလျှော့ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံမှု အရှိန်နှေးကွေးသည့် နိုင်ငံတိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ ပိုမိုများပြားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဥရောပဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ကုလုချ်က ပြောကြားသည်။

ဥရောပတိုက်၌ တစ်ရက်လျှင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမြင့်တက်လာခဲ့သည်မှာ သီတင်းပတ် ခြောက်ပတ်နီးပါးဆက်တိုက်ရှိလာသည်။ အလားတူ တစ်ရက်လျှင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုနှုန်း မြင့်တက်လာခဲ့ သည်မှာ သီတင်းပတ် ခုနစ်ပတ်ဆက်တိုက်ရှိလာသည်။ ဥရောပတိုက်၌ တစ်ရက်လျှင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ၂၅၀၀၀၀ ခန့်ရှိပြီး တစ်ရက်လျှင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုနှုန်းမှာ ၃၆၀၀ ခန့်ရှိကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

လွန်ခဲ့သည့်ခုနစ်ရက်အတွင်း ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ၈၁၆၂ ဦးသေဆုံးခဲ့ပြီး ဥရောပ၌ သီတင်းတစ်ပတ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုအများဆုံးနိုင်ငံဖြစ်လာသည်။ ထို့ပြင် ယူကရိန်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၃၈၁၉ ဦးနှင့် ရိုမေးနီးယားနိုင်ငံ၌ ၃၁၀၀ ရှိကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၄၉၅၁၂၂၈၁ ဦး |
| သေဆုံးသူ | ၅၀၄၈၅၁၂ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၂၅၉၆၁၃၅၈ ဦး |

## အာဖရိကဒေသ၌ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၅၂ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ နိုဝင်ဘာ ၅**

အာဖရိကဒေသ၌ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၈၅၂၀၈၇၃ ဦး ရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ထို့ပြင် ဒေသတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၁၉၁၂၁ ဦး ရှိလာပြီး ရောဂါမှပြန်လည်သက်သာလာသူပေါင်း ၇၉၂၅၀၁၃ ဦး ရှိလာကြောင်း အဆိုပါအေဂျင်စီက ဆိုသည်။ ဒေသတွင်းရှိ နိုင်ငံများအနက် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံများဖြစ်ပြီး တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၂၃၀၅၄ ဦးနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၄၆၉၅၇ ဦးရှိကြောင်း သိရသည်။

ဒေသအလိုက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုရပ်တည်ချက်တွင် တောင်အာဖရိကဒေသသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ၎င်း၏နောက်တွင် ရပ်တည်နေကာ ဗဟိုအာဖရိကဒေသသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ဂျာမနီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၉၄၉ ဦး ထပ်မံတွေ့ရှိ

**ဘာလင် နိုဝင်ဘာ ၅**

ဂျာမနီနိုင်ငံ၌ ပြီးခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၉၄၉ ဦး ထပ်မံတွေ့ရှိရပြီး ၎င်းအရေအတွက်သည် ကိုဗစ်-၁၉ ရောဂါ နိုင်ငံအတွင်း စတင်ဖြစ်ပွားချိန်မှစတင်၍ အရေအတွက်အများဆုံးဖြစ်ကြောင်း ရောဘတ်ကို့စ်အင်စတီကျူက ပြောကြားသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း လူဦးရေ၏ ၆၆ ဒသမ ၉ ရာခိုင်နှုန်းကိုသာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့သဖြင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများနှေးကွေးနေခြင်းအား တာဝန်ရှိသူများက ဝေဖန်ပြောကြားခဲ့သည်။ ပြီးခဲ့သောသီတင်းပတ်များအတွင်း ဂျာမနီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု မြင့်တက်လာပြီး ကိုဗစ်-၁၉ ရောဂါစတုတ္ထလှိုင်း ဖြစ်ပွားလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး ဂျန်စပန်းက ပြောကြားသည်။

ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များ၌ ကုသမှုခံယူနေသူ ကိုဗစ်-၁၉ လူနာအများစုမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးနှံရသေးသူများဖြစ်ပြီး အဆိုပါ အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးရုံခုတင် လုံလောက်မှုမရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-စိုးသူရ**

# ပညာရေးယန္တရားကို ထိခိုက်ပျက်ပြားစေလိုသည့် အကြမ်းဖက်သမားများက စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၏ အသက်အန္တရာယ်ကို ထိခိုက်စေသည်အထိပါ အကြမ်းဖက်မှုများကျူးလွန်





ကန်ကြီးထောင့်မြို့နယ်၌ စာသင်ကျောင်းအား ဆူပူအကြမ်းဖက်သူများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၅**

အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH နှင့် NUG တို့သည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကိုဖွဲ့စည်း၍အချို့သောဒေသများတွင် အေးချမ်းစွာ နေထိုင်ကြသော အပြစ်မဲ့ပြည်သူများကို အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။ လက်ရှိအချိန်တွင် ပညာသင်ကြားရမည့် ကျောင်းသား ကျောင်းသူများ၏ စာသင်နှစ်နစ်နာမှုမရှိစေရန်အတွက် ကျောင်းများပြန်လည်ဖွင့်လှစ်ခြင်းအပေါ် ထိခိုက်ပျက်စီးစေလိုသော အကြမ်းဖက်သမားများက အနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ခြိမ်းခြောက်ခြင်းများအပြင် လုပ်ကြံသတ်ဖြတ်သည်အထိ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်လျက်ရှိကြသည်။

## သိမ်းဆည်းရမိ

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက်နေ အထက်တန်းပြဆရာမ ဒေါ်လှလှသန်း ၅၅ နှစ်သည် ယနေ့နံနက် ၈ နာရီခွဲခန့်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ အငှားယာဉ်ဖြင့် သွားရောက်စဉ် အဆိုပါရပ်ကွက်၊ သုဓမ္မာလမ်းရှိ ကလေးပစ္စည်းအရောင်းဆိုင်ရှေ့သို့ အရောက်၌ အကြမ်းဖက်အမျိုးသားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်၍ ထွက်ပြေးခဲ့ရာ ဒေါ်လှလှသန်းတွင် ကျည်ထိမှန်ဒဏ်ရာများရရှိပြီး ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်ဖြစ်ပွားရာ နေရာအနီးမှ ကျည်ခွံ နှစ်ခုနှင့် ကျည်ဖူးပါ ကျည်တစ်တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

## ရှာဖွေတွေ့ရှိ

အလားတူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပညာရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးခင်မောင်သန်း ၅၉ နှစ်သည် နိုဝင်ဘာ ၁ ရက် ညနေပိုင်းတွင် ၎င်း၏ နေအိမ်ရှိရာ လက်ခုပ်ပင်ကျေးရွာသို့ပြန်လာစဉ် ပျောက်ဆုံးသွားခြင်းကြောင့် လိုက်လံရှာဖွေခဲ့ရာ နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ကြူအိုင်ကျေးရွာအနီးရှိ ယာတောအတွင်းမှ ၎င်း၏ အလောင်းကို လည်ပင်းပြတ်ရှဒဏ်ရာဖြင့် ရှာဖွေတွေ့ရှိခဲ့ရသည်။

## မိုင်းထောင်ဖောက်ခွဲခဲ့

ထို့ပြင် အကြမ်းဖက်သမားများသည် ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများ၊ ပညာသင်ကြားပေးနေသည့် ဆရာ ဆရာမများနှင့် ပညာသင်ကြားရန် စေလွှတ်ပေးသည့် မိဘအုပ်ထိန်းသူများ အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ထိခိုက်ပျက်စီးစေရန်ရည်ရွယ်၍ စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများကို ဦးတည်လုပ်ဆောင်လျက်ရှိကြရာ နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၃ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် ၈၂ လမ်းနှင့် စစ်ကိုင်းလမ်းခွဲထောင့်ရှိ အခြေခံပညာ ကျောင်းဝင်းအတွင်းသို့ စစ်ကိုင်းလမ်းခွဲအတိုင်း ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သမား နှစ်ဦးက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သည်။ လက်ပစ်ဗုံးမှာ ပေါက်ကွဲခဲ့ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျောင်းအုတ်တံတိုင်းဘေးရှိ ရေအိုင်အတွင်း၌ အဆိုပါလက်ပစ်ဗုံးအားတွေ့ရှိသဖြင့် ကျောင်းသား ကျောင်းသူများ အန္တရာယ်မဖြစ်စေရန် လုပ်ထုံးလုပ်နည်းနှင့်အညီ သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

အလားတူ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ရွှေး)အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျေးရွာသူ ကျေးရွာသားများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၇ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် စာသင်ကျောင်း စတိုခန်းရှိ ကျောင်းပရိဘောဂပစ္စည်းများနှင့် ပြတင်းပေါက်တံခါးများ မီးလောင်ပျက်စီးခဲ့ပြီး ၎င်းနေရာအနီးမှ PVC ပိုက်အပိုင်းအစ ခုနစ်ခုနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများသည် အနာဂတ်မျိုးဆက်သစ် ကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို အနှောင့်အယှက်ဖြစ်စေရန်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ ကြောက်ရွံ့ထိတ်လန့်စေရန် ရည်ရွယ်၍ ပညာသင်ကြားသည့် အဆောက်အအုံများ ထိခိုက်ပျက်စီးစေသည့်အပြင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အသက်အန္တရာယ်ကို ထိခိုက်စေသည်အထိပါ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လာကြောင်း တွေ့ရှိရသဖြင့် မိဘပြည်သူများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်၍ အကြမ်းဖက်လုပ်ရပ်များကို တွန်းလှန်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မိန်းကလေးတစ်ဦးကို တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်စေခိုင်းသည့်အပြင် လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၅**

မိန်းကလေးတစ်ဦးကို တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်စေခိုင်းသည့်အပြင် လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက်နေ သန်းစိုးအောင် ( မိ )နှင့် မိခင်ဖြစ်သူ ဒေါ်ယဉ်နွယ် (တိမ်းရှောင်)တို့က ပဲခူးမြို့နေ မXXX၊ ၂၀ နှစ်အား တရုတ်နိုင်ငံရှိ ရေသန့်စက်ရုံတွင် အလုပ်လုပ်ကိုင်ပါက ဝင်ငွေကောင်းကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်အမျိုးသားတစ်ဦးနှင့် ပေါင်းသင်းနေထိုင်ခဲ့ရသည့်အပြင် တရုတ်ပြည်၌ ကြက်သွန်မြိတ်ခွာသည့် အလုပ်လုပ်ကိုင်ခဲ့ရသော်လည်း ငွေကြေးတစ်စုံတစ်ရာရရှိခြင်းမရှိဘဲ လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သောကြောင့် ပဲခူးမြို့မ ရဲစခန်း(ပ) ၂၂၁၈/ ၂၀၁၈၊ လူကုန်ကူးမှုတား ဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ပဲခူးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၂၆ ရက်တွင် တရားခံ သန်းစိုးအောင်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန်နှင့် တိမ်းရှောင်တရားခံကို တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။

သတင်းစဉ်


မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

MRTV

Weekly Sports Info

MRTV Travelogue

MRTV National News

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal

mitv

07:01 News
07:24 Global Partnership for Brighter Future: Russia Pavilion at Expo 2020 Dubai
07:30 Great Shwedagon - The Exhibition Hall Of The Great Chronicle Of Buddha
08:01 Weekly Review
08:16 Myanmar Masterclass: Art Teacher
08:24 Discovering Tribes" Lisu: Their Life and Customs
08:46 Patchwork Bags
09:01 Myanmar Designer Studio: Yone Yone
09:19 Enchanting Rakhine Land
09:38 Tazaungmone
10:01 Myanmar Puppeteers (Duet Dance)
10:18 Talk & Discussion: All about Weight Loss

MRTV

MRTV Sports

Sports News

Soccer View/ Weekly Sports Info

# ရိုဇီခင်တင့်ထူး

(၃၀-၁၀-၂၀၁၂ ရက်နေ့မှအဆက်)

"ကျွန်တော့်ယူဇနာ ၅၀ က ကျမ်းဂန်ထဲကဗျ၊ ခင်ဗျားက ပေါ့ပေါ့မလုပ်ပါနဲ့"

ထိုအခါ ခင်တင့်သည် အတန်ရယ်မော၍ "ဒီမှာ စာအုပ်ဆရာကြီးရဲ့ လက်တွေ့သမားကို ရှင်ကပဲ တပြန်ကြီးလား၊ ဒီမှာကြည့်စမ်း၊ ကျွန်မရဲ့အဒေါ် တစ်ယောက် ဘုရားရှိခိုးတာ မကြာမကြာကြားရ ပါတယ်၊ ဘာတဲ့ ဟို ၃၂ ကောဋ္ဌာသ ဘုရားရှိခိုးမှာ "အဋ္ဌိစ သုံးရာသောအရိုးတို့သည်လည်းကောင်း" တဲ့၊ လူမှာ အရိုး ၃၀၀ တဲ့၊ သူ့အဆိုက အခုခေတ် ဆေးရုံတွေမှာ၊ ဆေးကျောင်းတွေမှာ လူကောင်ကို ဖျက်ပြီး သေသေချာချာ ရေတွက်ကြည့်ရှုသင်ကြား နေရတယ်။ အရိုးပေါင်း ၂၀၆ သာရှိတယ်၊ ဘယ်က ၃၀၀ ရှိရမှာလဲ၊ ပြီးတော့ ပါဠိက "အဋ္ဌိ"အရိုးသာဆို တယ်၊ အရေအတွက်မပါဘူး၊ ဘယ်သူက ဘယ့်နှယ် ထည့်သွားမှန်းမှမသိဘဲနဲ့"

"ခင်ဗျာ့ ၂၀၆ ထဲမှာ သွား ၃၂ ချောင်း ပါသလား"

"မပါဘူး၊ သွားတွေကို အရိုးဆိုမလို့လား" "သွားဟာ အရိုးမဟုတ်လို့ ဘာလဲ၊ အရိုးမှ အစစ်"

"ကဲရှင် ... သွား ၃၂ ခုထည့်ပါဦး၊ ၂၃၈ သာရှိတယ်"

"၂၃၈ ဆိုရင် ၂၄၀ ပေါ့။ ၂၄၀-၂၅၀ ဆိုတာလည်း ၃၀၀ တွင်းမှာပဲ၊ ဒီတော့ဂဏန်းပြတ် အခေါ်လွယ် အောင် ၃၀၀ လို့ခေါ်လိုက်တာဖြစ်မှာပေါ့"

"အင်း-ရှင်လည်း အတော်လာတဲ့လူ၊ ဩော် ဩော် နေပါဦး၊ ၃၂ ကောဋ္ဌာသဆိုလို့ တစ်ခု သတိရပြန်ပြီ၊ ရှင့်စာက ဘယ့်နှယ် လူ့ကိုယ်မှာရှိ တာတွေ ဆိုစမ်းပါဦး"

ထိုအခါမောင်ခသည်မြင်းကောင်းပြေးသကဲ့သို့ ဒိုးဒိုးဒေါက်ဒေါက်နှင့် ရွတ်၍ပြလိုက်သည်မှာ-

၁။ ကေသာ • • • ဆံ။
၂။ လောမာ • • • • • • • • • အမွေး။
၃။ နခါ • • • • • • • • • ခြေသည်းလက်သည်း။
၄။ ဒန္တ • • • • • • • • • သွား။
၅။ တစော • • • • • • • • • အရေ။
၆။ မံသံ • • • • • • • • • အသား။
၇။ နှာရု • • • • • • • • • အကြော ။
၈။ အဋ္ဌိ • • • • • • • • • အရိုး။
၉။ အဋ္ဌိမိဉ္ဇ • • • • • • • • ရိုးတွင်းခြင်ဆီ။
၁၀။ဝက္ကံ • • • • • • • • • • • • အညို့ ။
၁၁။ ဟဒယံ • • • • • • • • • • နှလုံး၊
၁၂။ယကနံ • • • • • • • • • အသည်း။
၁၃။ကိလောမကံ • • • • • • • • • အမြှေး။
၁၄။ပိဟကံ • • • • • • • • • အဖျဉ်း။
၁၅။ပဗ္ဗာသံ • • • • • • • အဆုတ်။
၁၆။အန္တံ • • • • • • • • • အူမ။
၁၇။အန္တဂုဏံ • • • • • • • • • • • အူသိမ်။
၁၈။ဥဒရိယံ • • • • အစာသစ်။
၁၉။ကရီသံ • • • • • • • • • အစာဟောင်း။
၂၀။မတ္ထလုင်္ဂံ • • • • • • ဦးနှောက်။
၂၁။ပိတ္တံ • • • • • • • • • • • • သည်းခြေ။
၂၂။သေမှံ • • • • • • • • • • သလိပ်။
၂၃။ပုဗ္ဗော • • • • • • • • • ပြည်။
၂၄။လောဟိတံ • • • • • • • • သွေး။
၂၅။သေဒေါ • • • • • • • • • ချွေး။
၂၆။မေဒေါ • • • • • • • • • အဆီခဲ။
၂၇။အဿု • • • • • • • • မျက်ရည်။
၂၈။ဝသာ • • • • • • • • • ဆီကြည်။
၂၉။ ဋ္ဌော • • • • • • • • • တံတွေး။
၃၀။သိင်္ဃာဏိကာ • • • • နှပ်။
၃၁။လသိကာ • • • • • • • • • • အစေး။
၃၂။မုတ္တံ • • • • • • • • • • • • • • • ကျင်ငယ်။

အဲဒီ ၃၂ ပါးပဲဗျ။ ပထမ ၂၀ က မာသော အရာဝတ္ထု အစိုင်အခဲတွေမို့ ပထဝီဓာတ်ခေါ်တယ်။ ကျန်တဲ့ ၁၂ ပါးက အရည်သဘောမို့ အာပေါဓာတ် ခေါ်တယ်။ လူတစ်ကိုယ်လုံးမှာ အဲဒီ ၃၂ ပါးအကုန်ပဲဗျ။ သည့်အပြင် မရှိတော့ဘူး၊ ကိုင်း-ဘာပြောချင်လို့လဲ"

"ဒီမှာ စာအုပ်ဆရာကြီးရဲ့၊ ၃၂ ကောဋ္ဌာသထဲမှာ အင်မတန်ထင်ရှားအရေးကြီးတဲ့ ကျောက်ကပ်ဆိုတာ မပါပါကလား၊ ကျောက်ကပ်ဆိုတာ ရှင်ကြားဖူး တွေ့ဖူးတယ် မဟုတ်လား။ ကိုင်း ဘယ်မှာလဲ ကျောက်ကပ်"

ထိုအခါ မောင်ခသည် မိမိ၏ "ကေသာ... ဆံ..." စသည့်စာကို တိုးတိုးပြန်ရွတ်၍ ကျောက်ကပ် ပါ၊ မပါ စုံစမ်းလေသည်။ မပါဟုသိသောအခါ -

"အင်း-ဟုတ်တယ်ဗျို့၊ ကျောက်ကပ်တော့ မပါဘူး၊ နို့ပေမဲ့ ကျွန်တော်ဆိုလိုတာက ကျောက်ကပ် လို့ တိုက်ရိုက်တော့မပါဘူး။ သည့်ပြင်ပါတဲ့ဟာတွေနဲ့

ပျို့တောဂတတွေကို ကျွန်မလည်း ဆယ်တန်း ကတည်းက သင်ရပါတယ်။ ကွေ့လည်ကြောင်ပတ် လုပ်မနေပါနဲ့၊ ရှင့် ၃၂ ကောဋ္ဌာသထဲမှာ အဲဒီလို အကျိုးရော အကြောင်းရော မမြုပ်ဘဲနဲ့ အစုံထည့်ထား တာတွေအပုံပဲ။ ရှင့်မှာ ခိုင်ခိုင်မာမာ ပြန်ငြင်းစရာ ဘာမှမရှိဘူး။ ကျောက်ကပ်ဟာ မပါတာအမှန်၊ သက်သက်ကိုကျန်နေတာ၊ သိရဲ့လား"

"ခင်ဗျားပြောတာနဲ့ ကျွန်တော် မယုံနိုင်သေး ဘူး။ လူရဲ့ကိုယ်အင်္ဂါကျမ်းစာအတတ်ကို ကျွန်တော် မသင်ဖူးတာတော့ မှန်တယ်။ သို့ပေမဲ့ ကျွန်တော်တို့ ကျမ်းစာကို လွယ်လွယ်နဲ့ဖျက်လို့မရတာ မဟုတ် ဘူးဗျ။ ကျွန်တော့်ရဲ့ဆရာဘုန်းကြီးကို လျှောက်ကြည့် ဦးမှာပေါ့။ ပြီးတော့လည်း ဆေးရုံတွေ၊ ဆေးကျောင်း သားတွေ၊ ဆရာဝန်တွေဆီမှာလည်း ကိုယ်တိုင်စုံစမ်း ဦးမယ်၊ အောင်မယ် ဘာနေမလဲ ခဏ"

ထိုအခါ ခင်တင့်သည်ပြုံး၍ "အေး-အဲဒါခင်တင့်

**"အခု ကျွန်မတို့နေတဲ့ မြေကြီးနဲ့နေဟာ မိုင်ပေါင်း ၉၃၀၀၀၀၀၀ လောက်ဝေးတယ်၊ လကတော့ မိုင်ပေါင်း ၂၄၀၀၀၀ လောက်သာဝေးတယ်၊ ဒီတော့ နေက ၉၂၇၆၀၀၀၀ (ကိုးကုဋေကျော်) ပိုဝေးတယ်၊ ဒီတော့ နေက အများကြီးပိုကြီးပေတဲ့ အများကြီး ပိုဝေးတော့ လနဲ့နေဟာ မတိမ်းမယိမ်း အတူတူလောက်ပဲ ရှိတယ်လို့ ကျွန်မတို့ မြေကြီးပေါ်က ထင်ရမြင်ရတာရှင်"**

ဆက်နေလို့များ ဒီကျောက်ကပ်ကို အန္တောဂတ နည်းနဲ့ မြုပ်ထားသလားမှ မသိဘဲ။ နေပါဦး၊ ကျွဲ၊ နွားစတဲ့ တိရစ္ဆာန်တို့ရဲ့ကျောက်ကပ်ကိုတော့ မြင်ဖူး တယ်၊ စားတောင်စားဖူးတယ်၊ လူရဲ့ကျောက်ကပ် တော့ ပြောစမ်းပါဦး"

"ရှင်ကမြုပ်ထားတာလေးဘာလေးနဲ့ မဖိန်းပါနဲ့၊ အနာတမီဆိုတဲ့ လူအင်္ဂါအစိတ်အပိုင်းကျမ်းကိုလည်း ရှင်နားလည်မှာမဟုတ်ပါဘူး။ ဒီမှာ ကျွန်မပြောပြ မယ်။ ကျောက်ကပ်ဆိုတာ အလုံးနှစ်လုံးပြူး၊ နောက် ကျောရိုးနားမှာ တစ်ဖက်တစ်လုံးစီ ကပ်နေတယ်။ နံရိုးတွေအောက်နားက သိရဲ့လား။ ကျောက်ကပ်ရဲ့ အလုပ်က ကိုယ်တွင်းရောက်တဲ့ အစာရေစာတို့ဖြစ်တဲ့ မလိုအပ်တဲ့အညစ်အကြေး အရည်ဘက်ကဟာတွေ ကိုစစ်ပြီး ကျင်ငယ်ရည်အဖြစ်နဲ့ ကျင်ငယ်အိမ်ထဲကို ရောက်စေတယ်သိရဲ့လား"

"ဒါဖြင့် ကျင်ငယ်ရေကိုဖြစ်စေတဲ့ အင်္ဂါတစ်ခုပေါ့။ နေဦး...နေဦး၊ ၃၂ ကောဋ္ဌာသထဲမှာ ကျင်ငယ်ရည်သာ ပါတယ်၊ ကျင်ငယ်အိမ်လည်းမပါဘူး၊ ဒီတော့ ကျင်ငယ်ရည်နဲ့စပ်နေတဲ့ ကျင်ငယ်အိမ်ရော ကျောက် ကပ်ရော မထည့်ဘဲနဲ့ အပြီးသတ်ဖြစ်တဲ့ ကျင်ငယ် ရည် တစ်ခုတည်းနဲ့အုပ်ပြီး အန္တောဂတနည်းနဲ့ ဆိုလိုက်ဟန်တူတယ်။ ပြီးတော့ မြန်မာစာမှာ ဥပစာဆယ်ပါးရှိတယ်။ အကြောင်းရဲ့အမည်ကို အကျိုးမှာ တင်စားခေါ်တာတွေ၊ အကျိုးရဲ့အမည်ကို အကြောင်းမှာ တင်စားခေါ်တာတွေ၊ ကာယဏူပစာ တို့-ဖလူပစာတို့ ဆိုတာပေါ့ဗျာ၊ အခုလည်း အကျိုး ဖြစ်တဲ့ ကျင်ငယ်ရည်ကိုဆိုတာနဲ့ အကြောင်းဖြစ်တဲ့ ကျောက်ကပ်တို့၊ ကျင်ငယ်သိုထားရာဖြစ်တဲ့ ကျင်ငယ်အိမ်တို့ဘာတို့ ပါသွားချင်ပါသွားမှာဗျ"

"တော်ပါ ရှင့်ဥပစာတွေ၊ အန္တောဂတတွေ၊

ရဲ့ ရည်ရွယ်ချက်ပဲ၊ ခင်တင့်ပြောတာဖြစ်စေ၊ ဘယ်သူ ပြောတာဖြစ်စေ စုံစမ်းပြီးမှ ယုံတာအကောင်းဆုံးပဲ၊ ဆက်ဆက်စုံစမ်းပါရှင်။

"ကိုင်း ကိုင်း၊ ဒါတွေ ထားပါဦး၊ ခုနက နေရဲ့ အတိုင်းအထွာကို ပြန်ဆက်ပါဦး၊ ရှင်က ကျမ်းဂန် ထဲကလို့ဆိုတယ်၊ ဟိုက မှန်ပြောင်းတန်ဆာပလာအစုံ အတတ်မျိုးစုံနဲ့ ဟုတ်ဟုတ်ညားညား တိုင်းထွာ ထားတဲ့ဟာကို သွားငြင်းရင် ရှင်အရှုံးဖြစ်မှာပေါ့။ ပြီးတော့ လက ဘယ်လောက်ရှိတယ်"

"အချင်း ၄၉ ယူဇနာ"

"အို-ဒါဖြင့် နေက လထက် တစ်ယူဇနတည်း ပိုကျယ်တာပေါ့"

"ဟုတ်တယ်"

"၄၉ ယူဇနာဟာ ဘယ်နှမိုင်လဲ"

"အများဆုံး ၃၆ မိုင်နှုန်းနဲ့ဆိုရင် ၁၇၆၄ မိုင် ရှိတယ်"

"အဲဒါလည်း ခွကျတာပဲ၊ ဒီမှာစာအုပ်ဆရာကြီးရဲ့၊ လရဲ့ အချင်းအကျယ်က မိုင်ပေါင်း ၂၁၆၀ ရှိတယ်၊ မိုင် ၄၀၀ ကျော်ကွာနေတယ်၊ ပြီးတော့ လနဲ့နေဟာ ရှင့်ကျမ်းလိုဖြင့် တစ်ယူဇနာ (မိုင် ၃၆ မိုင်)သာ ကွာတယ်ဆိုတယ်၊ အမှန်က လနဲ့နေဟာ အချင်း အကျယ်မှာ မိုင်ပေါင်း ၈၅၇၈၄၀ တောင် ကွာတယ်"

"ဟာ-မဟုတ်တာ၊ အခု ကောင်းကင်မှာ အမြင်ဟာ လနဲ့ နေနဲ့ အကြီးအငယ် အတူတူလောက် ရှိတာပဲဗျ၊ ဘယ်ကဒီလောက်ကွာနိုင်မလဲ"

"ဩော်-ကိုခ-ကိုခ၊ ရှင်အတော်လိုသေးတာပဲ၊ ဟောဟိုမှာကြည့်စမ်း၊ ဟိုအိမ်ရှေ့ကနားမှာ စားနေ တဲ့ နွားနီနဲ့ ဟိုအတော်လှမ်းတဲ့တောစပ်မှာ စားနေ တဲ့ နွားဖြူနှစ်ကောင်ဟာ ဘယ်အကောင်က အရွယ်ကြီးသလဲ"

## ဦးဖိုးကျား

"အတူတူပဲ၊ ဒါကျွန်တော်တို့ရဲ့ နွားနှစ်ကောင်"

"ကောင်းပြီ .. အခု အနီးမှာရှိတဲ့နွားနဲ့ အဲဟို အဝေးမှာရှိတဲ့နွားဟာ အမြင်အားဖြင့် ဘယ် အကောင်ကကြီးသလဲ"

"အမြင်တော့ ဒီအနားကအနီက ကြီးတာပေါ့၊ ဟိုအဝေးမှာရှိတဲ့ အဖြူကတော့ ပေါက်ခါစလောက် သာ ထင်ရမြင်ရတာပေါ့"

"ဘာဖြစ်လို့လဲ"

"ဝေးသွားလေလေ၊ သေးသေးမြင်ရလေလေ ဖြစ်လို့ပေါ့"

"အဲ . . ရှင် တော်လာပြီ၊ ဒီမှာကြည့်၊ အခု ကျွန်မတို့နေတဲ့ မြေကြီးနဲ့နေဟာ မိုင်ပေါင်း ၉၃၀၀၀၀၀၀ (ကိုးကုဋေသုံးသန်း)လောက်ဝေးတယ်၊ လကတော့ မိုင်ပေါင်း ၂၄၀၀၀၀ (နှစ်သိန်း လေးသောင်း) လောက်သာဝေးတယ်၊ ဒီတော့ နေက ၉၂၇၆၀၀၀၀ (ကိုးကုဋေကျော်) ပိုဝေးတယ်၊ ဒီတော့ နေက အများကြီးပိုကြီးပေတဲ့ အများကြီး ပိုဝေးတော့ လနဲ့နေဟာ မတိမ်းမယိမ်း အတူတူ လောက်ပဲ ရှိတယ်လို့ ကျွန်မတို့ မြေကြီးပေါ်က ထင်ရမြင်ရတာရှင်"

မောင်ခ ဘာမျှပြန်မပြောဘဲ ငြိမ်နေသည်၊ တစ်အောင့်လောက်ကြာပြန်သောအခါ ခင်တင့်က ဆက်သည်ကား ...

"ပြီးတော့ ရှိသေးတယ်၊ ဂြိုဟ်သက်ကို လိုချင်ပါလျှင် နေအကျယ်ကိုတည်၊ အရပ်ရှစ် မျက်နှာနဲ့ စား၊ ရလဒ်သည် ဂြိုဟ်သက်ဖြစ်၏ဆို တာဟာ ပြောပါဦး ကိုခရဲ့ ဘာဆိုင်လို့လဲ၊ ကျွန်မ တစ်ခုပြောမယ်၊ ကျွန်မတို့အောက်တန်းတွေမှာ စာသင်တုန်းက ရယ်စရာပုစ္ဆာတစ်ခု ကြားဖူးတယ်၊ သူ့ဟာက "သင်္ဘောတစ်စင်းဟာ အရှည်ပေ ၃၅၀ ရှိတယ်၊ တစ်နာရီကို မိုင် ၂၀ ခုတ်နိုင်တယ်၊ ကပ္ပိတန် အသက်ဘယ်လောက်လဲ' တဲ့"

"ဘာ... "

"သင်္ဘောအရှည်ပေ ၃၅၀၊ တစ်နာရီကိုမိုင် ၂၀ ခုတ်နိုင်တယ်။ ကပ္ပိတန်အသက် ဘယ်လောက် လဲတဲ့"

မောင်ခသည် အတန်စိုက်တွေး၍ နားလည် သလိုလိုရှိလာမှ လက်ခုပ်တီး၍ ရယ်ပြီး "သင်္ဘော အရှည်နဲ့ စက်အားနဲ့ ကပ္ပိတန် အသက်နဲ့ ဘာဆိုင် လို့လဲဗျာ"

"အေး ... ဘာဆိုင်လို့လဲလို့ မှတ်ထား ကိုခရဲ့၊ အရပ်ရှစ်မျက်နှာနဲ့စားရမယ်ဆိုရုံနဲ့ မပြီးနိုင် သေးဘူး၊ ဘာဖြစ်လို့ အရပ်ရှစ်မျက်နှာနဲ့ စားရမယ် ဆိုတာ အကြောင်းလိုသေးတယ်၊ အဲဒီပြလာမယ့် အကြောင်းဟာလည်း အပြီးအဆုံးမဟုတ်သေးဘဲနဲ့ အကြောင်းတစ်ဆင့် လိုချင်လိုလိမ့်ဦးမယ်၊ စားပြီး တော့လည်း ရလဒ်ကို တစ်မျိုးအသုံးချရတယ်၊ အကြွင်းကိုတစ်မျိုးအသုံးချတယ်၊ အကြောင်းတွေ မေးစရာအပုံကြီးပေါ်လာတယ်၊ အခုအနေတော့ ၆ ကို လိုချင်တာနဲ့ တွေ့ကရာနဲ့ အစားခိုင်းတာနဲ့ မတူဘူးလား၊ ကိုင်းရှင် ကျွန်မက ဒီလိုဆိုမယ် "နေ၏ အချင်းယူဇနာ ၅၀ ကိုတည်၊ အရပ်လေး မျက်နှာနှင့်စား၊ စားခြေ ၄ နဲ့ အကြွင်း ၂ နဲ့ပေါင်း၊ ရသော ၆သည် တနင်္ဂနွေဂြိုဟ်သက်ဖြစ်၍ အင်္ဂါ၊ စနေ ၂ နဲ့ပေါင်း၊ ရသော ၆ သည် တနင်္ဂနွေဂြိုဟ်သက် ဖြစ်၍ အင်္ဂါ၊ စနေ၊ ရာဟုတို့မှာ ၂ ခွင်မြောက်၊ ၂ ခွင်မြောက်မှာ ရှိလေသောကြောင့် ၂ ခုစီ ၂ ခုစီ ရောသွား၊ ၈-၁၀-၁၂-တို့ရကုန်၏"

(ဆက်လက်ဖော်ပြပါမည်)

# ဘာသာပြန်ပညာရှင် ဆရာကြီးမြဇင်

နုနုယဉ် (စာပေဗိမာန်)

**၂၀၁၄ ခုနှစ်အတွက် တစ်သက်တာစာပေဆု**

၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက် စာဆိုတော်နေ့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သည်။ ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ဆရာကြီးသုံးဦးအား ချီးမြှင့်ခဲ့ရာ ဆရာကြီးမြဇင်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ကျန်ဆရာကြီးနှစ်ဦးမှာ ဦးခင်မောင်စိုး (ဆရာကြီး မောင်ပေါ်ထွန်း)နှင့် ဦးကိုလေး (ဆရာကြီး ကိုလေး-အင်းဝ ဂုဏ်ရည်)တို့ဖြစ်ပါသည်။

ဆုချီးမြှင့်ပွဲသို့ ဆရာကြီးမြဇင်က ဘီးတပ်ကုလားထိုင်ဖြင့် တက်ရောက်ခဲ့ရာ ကျွန်မတို့စာပေဗိမာန်အဖွဲ့သားများက ဆရာကြီးကို ဆုပေးပွဲစင်မြင့်ပေါ်သို့ရောက်အောင် ကူညီပို့ဆောင်ပေးခဲ့မှုများကို ပြန်လည်မြင်ယောင်လာမိပါသည်။

**ဆရာကြီးမြဇင်၏ အတ္ထုပ္ပတ္တိ**

ဆရာကြီးမြဇင်ကို မဟာသရေစည်သူ ဦးဘိုးအုံးနှင့်ဒေါ်ထားရင်တို့က ၁၉၂၇ ခုနှစ် ဇွန်လ ၁၅ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ဆရာကြီးသည် ရန်ကုန်တက္ကသိုလ်နှင့် ဟားဗတ်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့ပြီး B.A (Hons.) (Yangon) နှင့် Master of Public Administration (Harvard) ဘွဲ့များ ရရှိခဲ့သည်။ အမည်ရင်းမှာ ဦးဝင်းဖေဖြစ်သည်။




ဆရာကြီးသည် အင်္ဂလိပ်စာနည်းပြ၊ နယ်ဘက်အရာရှိ၊ တရားသူကြီးတာဝန်များ ထမ်းဆောင်ခဲ့သည်။ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနများတွင် စီးပွားရေးစီမံကိန်းရေးဆွဲခြင်း၊ နိုင်ငံခြားအကူအညီ အစီအမံစီစဉ်ခြင်း၊ ဝိဇ္ဇာသိပ္ပံနည်းပညာဘာသာရပ်ဆိုင်ရာ သုတေသနစီမံကိန်းပြုစုခြင်း၊ အသံလွှင့်နှင့်ရုပ်မြင်သံကြား အစီအစဉ်ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနများတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ပညာရေးဝန်ကြီးဌာန မြန်မာစာနှင့် ဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့၌ အချိန်ပြည့်အဖွဲ့ဝင်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

ဆရာကြီးသည် ဝဏ္ဏကျော်ထင်ဘွဲ့၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်)၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)တို့ ချီးမြှင့်ခြင်းခံရသည်။

**ဆရာကြီးမြဇင်ရေးသားခဲ့သော စာအုပ်စာတမ်းများ**

ဆရာကြီးမြဇင်သည် The Working People's Daily, Editorial Writer, Weekly columnist အဖြစ် A Pot of Plain Tea (Po Yaza): The Bamboo Clipper (Zagadaungzar): Science and Technology (epsilon) တို့ အပတ်စဉ်ရေးသားခဲ့သည်။

စွန်းလွန်းဝိပဿနာ၊ Shwe Dagon Pagoda (1972), Emerald Lake (Classical Myanmar Poems)၊ Modern Burmese Poetry (Translations)၊ ကဗျာ့နရီနှင့် နိမိတ်ပုံ၊ The Yellow Robe and others Poems (Original)၊ ရာမနှင့်ဆုံစည်းခြင်း (Translation of Arthur C.Clarke Novel), Do's and Don't in Myanmar၊ Yangon, Green City of Grace (Coffee-Table Book for YCDC)၊ စစ်တောင်းတံတားကြီးချိုးခဲ့စဉ်က (ဘာသာပြန်) ဝတ္ထုရှည်များကို ရေးသားခဲ့သည်။

**ဆရာကြီးမြဇင်၏ ကဗျာ့နရီနှင့် နိမိတ်ပုံ**

ဆရာကြီးမြဇင်က ကဗျာ့နရီနှင့် နိမိတ်ပုံစာအုပ်တွင် ၁၉၆၀ ဆယ်စုနှစ်မြန်မာကဗျာ၏ အခြေအနေကို ကဗျာ၏အင်အားဖြစ်သော ခံစားမှု၊ အတွေး၊


ဆရာကြီးမြဇင် ရေးသားခဲ့သော စာအုပ်အချို့


နရီ၊ ကာရန်၊ နိမိတ်ပုံတို့ဖြင့် တင်ပြသည်။

"မြန်မာကဗျာသည် ဝါဒအရာတွင် အားသန်ပါသည်။ မြန်မာကဗျာသည် အတတ်အရာတွင် အားလျော့ပါသည်။ ထိုအခြေအနေတွင် မြန်မာစာဆိုများရော မြန်မာဝေဖန်ရေးသမားများပါ ဝါဒအရာကိုပဲ ပြောဆိုကြတာများသည်။ အားသန်ရာကို အားဖြည့်ကြပါသည်။ စင်စစ် အတတ်အရာပါ အားကောင်းမှ ဘက်စုံအားကောင်းပြီး မြန်မာကဗျာ ပြောင်မြောက်တိုးတက်နိုင်မည်ဟု မြင်ပါသည်။ မြင်မိသည်နှင့်အညီ အတတ်အရာဘက် အားကောင်းအောင် လုပ်အားပေးမိပါသည်" ဟု တင်ပြချက်မှာ မြန်မာကဗျာအပေါ်ထားသော ဆရာကြီးမြဇင်၏ စေတနာကို ပေါ်လွင်ထင်ရှားစေပါသည်။

သတ္တဝါတို့သည် နရီဖြင့် အသက်ရှူသလို ကဗျာတွင် အသံသည် နရီဖြင့် လှုပ်ရှားကြောင်း၊ အသက်ရှူကောင်းမှ ကျန်းမာ၍ သတ္တဝါတို့ လုပ်ဆောင်အပ်သည်တို့ကို ကောင်းစွာလုပ်နိုင်ဆောင်နိုင်သလို နရီကောင်းမှ ကဗျာကဆောင်ရွက်အပ်သောကိစ္စတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ကြောင်း၊ နရီသည် စည်းဝါးမဟုတ်ကြောင်း၊ စည်းဝါးချက်အတွင်း လှုပ်ရှားသောအသံ၏ အမူအရာဖြစ်ကြောင်း၊ နရီသည် ကာရန်မဟုတ်ကြောင်း၊ ကာလရေစီးကြောင်းတွင် အသံစီးဆင်းမှုဖြစ်ကြောင်း၊ ကဗျာဆရာသည် နရီကိုသုံး၍ စကားပြေဖြင့် မဖော်ကျူးနိုင်သော သိမှုအမျိုးမျိုး၊ သဘောထားအမျိုးမျိုး၊ ခံစားမှုအမျိုးမျိုးကို ဖော်ကျူးကြောင်း၊ ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ၊ သင်္ကေတအလင်္ကာတို့ဖြင့် ပြကွက်တစ်ကွက်ကို ပြထားခြင်းသည် နိမိတ်ပုံဖြစ်ကြောင်း၊ နိမိတ်ပုံသည် ရုပ်ရုံအဆင်းရုပ်ပုံသာမက အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့တို့လည်းဖြစ်နိုင်ကြောင်း၊ သို့သော် လှပသော ရှုခင်းရှုကွက်သက်သက်သည် နိမိတ်ပုံမဟုတ်ဘဲ သရုပ်ဖော်မှုရိုးရိုးသာဖြစ်ကြောင်း ရှင်းပြထားချက်များသည် ကဗျာဆရာဖြစ်လိုသူ ပညာသင်လေးများအတွက် တန်ဖိုးမဖြတ်နိုင်သော ဆရာကြီး၏ အသိပညာပေးသင်ခန်းစာများပင် ဖြစ်ပါသည်။

ထို့ပြင် ဆရာကြီးက နရီဆိုသော ဝေါဟာရကို ဆရာကြီးမင်းသုဝဏ်ထံမှရပြီး နိမိတ်ပုံဆိုသော ဝေါဟာရကို ဆရာကြီးဇော်ဂျီထံမှရကြောင်း ဖွင့်ဟဝန်ခံထားရာ ဆရာကြီးမြဇင်၏ ရိုးဂုဏ်ကိုလည်း အထင်အရှားတွေ့မြင်ရပါသည်။


၂၀၁၄ ခုနှစ်၊ အမျိုးသားစာပေ တစ်သက်တာဆုရှင်
ဦးဝင်းဖေ (မြဇင်)

**ဆရာကြီးမြဇင်နှင့် မြန်မာကဗျာစာတမ်းဖတ်ပွဲ**

မြန်မာကဗျာစာတမ်းဖတ်ပွဲကို ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့ရာ ဆရာကြီး မြဇင်က "မြန်မာကဗျာဖွဲ့ပုံနှင့်တင်ပြပုံ" စာတမ်းကို တင်ခဲ့ပါသည်။

စာတမ်းတွင် ဆရာကြီးက နရီ၊ နိမိတ်ပုံတို့ဖြင့် ကောင်းသောအတွေး၊ ကောင်းသောအတွေ့တို့ကို ဖော်ကျူးသော စကားအဖွဲ့အစည်းသည် ကဗျာဖြစ်သည်။ ကဗျာတွင် ဘာသာစကား၏စွမ်းအားကို အစွမ်းကုန်သုံးထားသည်။ စင်စစ် စကားလုံးများသည် ကိုင်တွယ်ရအခက်ဆုံးသော အနုပညာပစ္စည်းဖြစ်သည်။ စကားတစ်လုံးတည်းက တစ်ချိန်တည်းမှာ အလုပ်သုံးလုပ်ကို တစ်ပြိုင်တည်းလုပ်ဆောင်သည်။ စကားလုံးသည် အသံပြုရသည်။ စကားလုံးသည် အနက်အဓိပ္ပာယ်ဆောင်ရသည်။ စကားလုံးသည် သဒ္ဒါ၏ဝန်၊ ဝါကျဖွဲ့ထုံး၏ဝန်ကို ထမ်းရသည်။ ကဗျာစာဆိုသည် မိမိ၏ခံစားပုံကို အခြေခံလျက် ထိုစကားလုံးတို့ဖြင့် နရီနိမိတ်ပုံ ကဗျာ့ပုံစံတို့ကို အသုံးပြု၍ ကဗျာ့အကြောင်းအရာကို အကျယ်ချဲ့၊ အတွင်းသားကို ဖော်ကျူးကာ ကဗျာကို ဖွဲ့ဆိုရသည်ဟု ကဗျာ၏အဓိပ္ပာယ်ကို ဖွင့်ဆိုဖော်ပြခဲ့သည်။

ထို့ပြင် စာတမ်း၌ မြန်မာကဗျာတွင် စပ်ထုံးအခြေခံနှစ်မျိုးရှိကြောင်း၊ လေးလုံးစပ်နှင့် လေးလုံးမဟုတ်သောအစပ်တို့ဖြစ်ကြောင်း၊ လေးလုံးစပ်တွင် လေးလုံးတစ်ပါဒ၌ ကာရန်ယူပုံခုနစ်မျိုးရှိကြောင်း၊ လေးလုံးစပ်ကို ပျို့၊ မော်ကွန်း၊ ချေင်း၊ လင်္ကာ၊ ရတု၊ သံပေါက်ပုံစံများတွင် သုံးပြီး လေးလုံးမဟုတ်သောအစပ်ကို ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ တျာတို့တွင်သုံးကြောင်း၊ လေးလုံးစပ်တွင် ကဗျာပိုဒ်ဟူ၍ ရှိကြောင်း၊သို့သော် အနက်အဓိပ္ပာယ် တစ်ခုစီအတွက် အကန့်ကန့်ထားသော စာကြောင်းဟူ၍ မရှိကြောင်း၊ လေးလုံး ပါဒများသည် တစ်ပါဒပြီး တစ်ပါဒ ကဗျာပိုဒ်ဆုံးသည်အထိ (ဝါ) ကဗျာပိုဒ်ချသည်အထိ ဆက်တိုက်သွားကြောင်း၊ လေးလုံးမဟုတ်သောစပ်ထုံးတွင် ဒွေးချိုး၊ လေးချိုး၊ သံချို၊ တေးထပ် စသည်တို့ရှိရာ သံချိုစပ်ထုံးကို ကြည့်နိုင်ကြောင်း၊သံချိုတွင် ကဗျာစာကြောင်းဟူ၍ ကန့်သတ်နိုင်ကြောင်း၊ သံချိုတစ်ပုဒ်တွင် စာကြောင်းပေါင်း ၂၀ မှ ၄၀ အထိရှိနိုင်ကြောင်း၊ စာတစ်ကြောင်းတစ်ကြောင်းတွင် စကားလုံးရေ လေးလုံးမှ ၁၀ လုံးကျော်အထိရှိကြောင်း ရှင်းပြထားပြီး ဦးကျော်လှ၏ မှိုင်းမပါကြောင်း၊ ဆရာကြီးဇော်ဂျီ၏ ပိတောက်ပန်း၊ ဆရာကြီးမင်းသုဝဏ်၏ ဖြောသံ သံချိုသုံးပုဒ်ကိုကြည့်ရန် လမ်းညွှန်ထားသည်မှာ ယနေ့ကဗျာရေးလိုသူ၊ စာစပ်လိုသူ လူငယ်များအတွက် တန်ဖိုးကြီးမားလှသော ရှင်းလင်းချက်များပင်ဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့

**ဆရာကြီးက မြန်မာကဗျာကို အင်္ဂလိပ်ကဗျာဖြစ်အောင် ပြန်ဆိုခြင်းအလုပ်သည် မြန်မာမဟုတ်သော စာဖတ်သူတစ်ဦးအား မြန်မာတစ်ဦးက မြန်မာကဗျာကိုဖတ်၍ ခံစားရသည့်အတိုင်း အင်္ဂလိပ်ဘာသာစကားဖြင့် ခံစားနိုင်အောင် ပြုလုပ်ပေးသောလုပ်ငန်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် မြန်မာမဟုတ်သောစာဖတ်သူတစ်ဦးကို မြန်မာဖြစ်လာအောင် ဘာသာပြောင်းလဲပေးသည့်လုပ်ငန်းဟု ဆိုနိုင်ပေသည်ဟု စာတမ်းတွင် နိဒါန်းပျိုးထား**

■ စာမျက်နှာ ၁၆ မှ

ဆရာကြီးက ကဗျာစာဆိုတို့၏ တာဝန်နှင့် ပတ်သက်၍လည်း "ကဗျာစာဆိုသည် ဒဿနပညာရှင်မဟုတ်၊ သိပ္ပံပညာရှင်မဟုတ်၊ လူမှုသိပ္ပံပညာရှင်မဟုတ်။ ထို့ကြောင့် ဒဿနပညာရှင်၊ သိပ္ပံပညာရှင်၊ လူမှုသိပ္ပံပညာရှင်များထံမှ မျှော်လင့်သောအတွေးများ၊ ဥပဒေများ၊ နိယာမများကို ကဗျာစာဆိုထံမှ မမျှော်လင့်သင့်။ ကဗျာစာဆို၏တာဝန်သည်လည်း အတွေးသစ်၊ ဥပဒေသသစ်များ ဖော်ထုတ်ပေးရန်မဟုတ်၊ ရှိတ်စပီးယားကဲ့သို့ ကဗျာစာဆိုကြီးပင်လည်း အတွေးသစ်၊ ဥပဒေသသစ်များကို ဖော်ထုတ်မပေးခဲ့။ ကဗျာစာဆို၏တာဝန်မှာကား ရှိပြီးသားအတွေး၊ ရှိပြီးသားအမြင်ကို ရှိမှန်းသိလာအောင်၊ မြင်လာအောင်၊ ခံစားလာအောင် လုပ်ပေးဖို့ဖြစ်သည်။ ကဗျာကိုဖတ်လိုက်လျှင် ဖတ်သူမှာ ဩော်-ဟုတ်သားပဲဟူ၍ မိမိတွင်ရှိပြီးသောအသိကို ရုတ်ခြည်းသတိပြုမိလာအောင် အခြေအနေဖန်တီးပေးဖို့ဖြစ်သည်။

ကဗျာစာဆိုသည် မိမိရောက်နေသောခေတ်၊ အသက်ရှင်နေသော ခေတ်၏အတွေးများကို အခြေခံ၍ သက်ရောက်မှုအများဆုံးရှိသော ခံစားမှုကို ဖန်တီးပေးရန်ဖြစ်သည်။ ရှင်ဥတ္တမကျော်၊ ရှင်သီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ နဝဒေး၊ နတ်သျှင်နောင်၊ မင်းဧယျရ နန္ဒမိတ်၊ ရှင်သံခို၊ စိန္တကျော်သူ၊ လက်ဝဲသုန္ဒရ၊ ဦးတိုး၊ ဦးကြင်ဥ၊ ဦးပုည၊ မန်လည်ဆရာတော်၊ ဦးကျော်လှ၊ သခင်ကိုယ်တော်မှိုင်း၊ ဇော်ဂျီ၊ မင်းသုဝဏ် စသော ခေတ်အဆက်ဆက်မှ မြန်မာကဗျာစာဆိုတော်ကြီးများသည် ယင်းလုပ်ငန်းကိုပင် ဆောင်ရွက်ခဲ့ကြသည်" ဟူ၍ ရှင်းလင်းတင်ပြထားသည်မှာ နောင်လာနောက်သား ကဗျာစာဆိုရှင်တို့ ခံယူရမည့် စိတ်နေစိတ်ထား၊ တာဝန်ဝတ္တရားများပင်ဖြစ်ပါသည်။

**ဆရာကြီးမြဇင်နှင့် ဘာသာပြန်စာပေ**

စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့သည် ဘာသာပြန်စာပေနှီးနှောဖလှယ်ပွဲကို ၁၉၆၉ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်တိုင်တိုင် ရန်ကုန်မြို့၊ ကုန်သည်လမ်း၊ ဂန္ဓီခန်းမဆောင်တွင် ကျင်းပခဲ့သည်။ အဆိုပါနှီးနှောဖလှယ်ပွဲတွင် ပညာရှင် ၁၁ ဦးက ဘာသာပြန်လုပ်ငန်းနှင့် စပ်လျဉ်းသော အကြောင်းရပ်များကို စာတမ်းများ တင်သွင်းခဲ့ရာ ဆရာကြီးမြဇင်က "မြန်မာကဗျာမှ အင်္ဂလိပ်ကဗျာသို့ ပြန်ဆိုခြင်း" စာတမ်းကို အမည်ရင်း ဦးဝင်းဖေဖြင့် တင်သွင်းခဲ့ပါသည်။

ဆရာကြီးက မြန်မာကဗျာကို အင်္ဂလိပ်ကဗျာဖြစ်အောင် ပြန်ဆိုခြင်းအလုပ်သည် မြန်မာမဟုတ်သော စာဖတ်သူတစ်ဦးအား မြန်မာတစ်ဦးက မြန်မာကဗျာကိုဖတ်၍ ခံစားရသည့်အတိုင်း အင်္ဂလိပ်ဘာသာစကားဖြင့် ခံစားနိုင်အောင် ပြုလုပ်ပေးသောလုပ်ငန်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် မြန်မာမဟုတ်သောစာဖတ်သူတစ်ဦးကို မြန်မာဖြစ်လာအောင် ဘာသာပြောင်းလဲပေးသည့်လုပ်ငန်းဟု ဆိုနိုင်ပေသည်ဟု စာတမ်းတွင် နိဒါန်းပျိုးထားသည်။

ထို့ပြင် ဘာသာပြန်ဆိုရာတွင် မှန်ကန်တိကျစွာ ပြန်ဆိုဖို့အရေးကြီးကြောင်း၊ သို့သော် စကားလုံးအလိုက် တစ်လုံးချင်းတိကျဖို့ရာ မလွယ်ကူကြောင်း၊ အထူးသဖြင့် ကဗျာမှကဗျာသို့ ပြန်ဆိုရာ၌ စကားလုံးအလိုက် တိကျမှုကို မရစေအောင် ဟန့်တားသော အခက်အခဲများစွာရှိကြောင်း၊ မြန်မာဝါကျတည်ဆောက်ပုံနှင့် အင်္ဂလိပ်ဝါကျတည်ဆောက်ပုံတို့မှာ ကွဲပြားကြောင်း၊ ဝါကျတည်ဆောက်ပုံချင်းမတူသောကြောင့် မြန်မာစကားပြေမှ အင်္ဂလိပ်စကားပြေသို့ ပြန်ဆိုသည့်အခါ တစ်ခါတစ်ရံ အခက်အခဲနှင့်ကြုံတွေ့ရလျှင် လှည့်ပတ်ပြန်ဆို၍ ပြေကောင်းသော်လည်း ကဗျာတွင်မူ ဝါကျဖွဲ့သောစကားလုံးများ၏အစဉ်က အရေးကြီးသောကြောင့် ပြန်ဆိုရာတွင် စကားလုံးစဉ်သည့်ခံစားမှုကို များစွာအကျိုးသက်ရောက်နိုင်ကြောင်း ဆရာကြီးက စာတမ်းတွင် ရှင်းပြထားသည်။

မြန်မာစကားပြေမှ အင်္ဂလိပ်စကားပြေသို့ ပြန်ဆိုသည့်အခါ မြန်မာစာပုဒ်ကရှည်၍ အင်္ဂလိပ်စာပုဒ်ကတိုကြောင်း၊ အင်္ဂလိပ်စာပုဒ်၏အရှည်သည် မြန်မာစာပုဒ်အရှည်၏ ၆၅ မှ ၇၅ ရာခိုင်နှုန်းအထိသာ ရှိတတ်ကြောင်း၊ ဤအရာသည် မြန်မာစကားပြေကကျဲ၍ အင်္ဂလိပ်စကားပြေက စုစုစည်းစည်းရှိကြောင်းကိုပြကြောင်း၊ မြန်မာကဗျာသည် မြန်မာစကားပြေနှင့် မတူကြောင်း၊ မြန်မာကဗျာက လွန်စွာသိပ်သည်းမှုရှိကြောင်း၊ မြန်မာစာပိုဒ်တွင် ပါသမျှသော သဘောများကို မိအောင်ပြန်ဆိုရလျှင် အင်္ဂလိပ်စာပိုဒ်သည် လွန်စွာရှည်သွားကြောင်း နမူနာကဗျာများကို ဘာသာပြန်ဆိုပြီး ရှင်းလင်းတင်ပြခဲ့သည်။

လူကြုံ၊ လှမှန်ကင်း၊ ငယ်ချစ်၊ သျှောင်ကြီးဖွေ့၊ ရွှေသျှောင်ပွ၊ ခါးတောင်းကျိုက်၊ သနပ်ခါး၊ ဆွမ်းသက်စေ့လောင်း စသည့် အင်္ဂလိပ်တို့၏ဓလေ့တွင်မရှိသော အကျင့်များ၊ အမူအရာများ၊ စာပေနှင့်ယဉ်ကျေးမှုအခံရှိသော စကားလုံးများကို ပြန်ဆိုရာ၌ ကြွယ်ဝသော နောက်ခံပုံပြင်များ၊ အယူအဆများ၊ ခံစားမှုများသည် ကျန်ရစ်ခဲ့တတ်ကြောင်း၊ စကားတစ်လုံးချင်း တိကျစွာ ပြန်ဆိုလျှင်လည်း အဓိပ္ပာယ်လုံးဝကင်းသော ကဗျာတစ်ပုဒ်ကဲ့သို့ ဖြစ်သွားနိုင်ကြောင်း၊ ထို့ကြောင့် ဘာသာပြန်ဆိုရာတွင် မူရင်းဘာသာစကားပိုဒ်




(မြန်မာစကားပိုဒ်) တွင်ပါသော စကားလုံးများနှင့် ဘာသာပြန်သူ၏စကားပိုဒ် (အင်္ဂလိပ်စကားပိုဒ်) တွင် ပါသော စကားလုံးများကို တစ်လုံးနှင့်တစ်လုံး ညီ၊ မညီ ညှိဖို့ရန်မဟုတ်ဘဲ မူရင်းစကားပိုဒ်တွင် ပါဝင်သော သဘောအားလုံးနှင့် နီးစပ်နိုင်သမျှနီးစပ်အောင်သာ လုပ်ဆောင်နိုင်ဖို့ရှိကြောင်း ဆရာကြီးက လမ်းညွှန်ပြထားသလို ပြန်ဆိုရာတွင် ထပ်တူထပ်မျှဖြစ်သော လုံးဝတိကျမှုမရနိုင်သည့်အတွက်ကြောင့် မမှန်ကန်ခြင်းတည်းဟူသော အစွန်းတစ်ဖက်သို့ ရောက်မသွားအောင် ထိန်းသိမ်းရမည်ဟုလည်း သတိပေးထားသည်။

မြန်မာကဗျာကို အင်္ဂလိပ်ကဗျာအဖြစ်သို့ ပြန်လျှင်ခေတ်ပေါ်အင်္ဂလိပ်စကားလုံး၊ ခေတ်ပေါ်အင်္ဂလိပ်ဖွဲ့ဆိုနည်းဖြင့် ပြန်ဖို့လိုကြောင်း၊ ခေတ်တိုင်းတွင် ခေတ်၏အသံ၊ ခေတ်၏ဟန်ရှိကြောင်း၊ ခေတ်၏အသံနှင့် ခေတ်၏ဟန်ကို ပြည့်ပြည့်စုံစုံ ပိုင်ပိုင်နိုင်နိုင် ဖော်ကျူးနိုင်မှ ထိုခေတ်ရှိဖတ်သူများအား အရသာအပြည့်အဝပေးနိုင်မည်ဖြစ်ကြောင်း၊ ဘာသာပြန်ကဗျာသည် ကဗျာဂုဏ်မြောက်ရကြောင်း၊ ကဗျာဂုဏ်မမြောက်လျှင် မူရင်းကဗျာတွင်ပါရှိသော သတင်းဆန်ဆန် အချက်အလက်များကို ပေးဆောင်သော စာပုဒ်သာဖြစ်ပြီး မူရင်းကဗျာတွင်ပါသောခံစားချက်ကို ပို့ဆောင်ပေးသောကဗျာဖြစ်မည်မဟုတ်ကြောင်းကို ဆရာကြီးမင်းသုဝဏ်၏ သပြေသီးကောက်ကဗျာနှင့် ပျဉ်းမငုတ်တိုကဗျာအပါအဝင် ကဗျာပေါင်းများစွာ၏ အင်္ဂလိပ်ဘာသာပြန်ဆိုချက်များနှင့် စာတမ်းအား ရှင်းလင်းတင်ပြထားရာ မြန်မာကဗျာကို လေ့လာသူ နိုင်ငံခြားသားစာသင်သားများအတွက် များစွာအထောက်အကူပြုလိမ့်မည်ဟု ကျွန်မယုံကြည်မိပါသည်။




**ဆရာကြီးမြဇင်နှင့် ဝေဖန်ရေးစာပေ**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးကော်ပိုရေးရှင်း၊ စာပေဗိမာန်အဖွဲ့က "ဝေဖန်ရေးစာပေ စာတမ်းဖတ်ပွဲ" ကို ၁၉၈၅ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ခန်းမတွင် ကျင်းပခဲ့သည်။ ယင်းစာတမ်းဖတ်ပွဲတွင် ဆရာကြီးမြဇင်၊ ဆရာကြီးတက်တိုး၊ ဆရာချစ်ဦးညိုနှင့် ဆရာကြီးထီလာစစ်သူတို့က စာပေဝေဖန်ရေးဆိုင်ရာစာတမ်းများ တင်သွင်းဖတ်ကြားခဲ့သည်။

စာပေဝေဖန်ရေးလုပ်ငန်းသည် အလွန်သိမ်မွေ့နက်နဲပေသည်။ စာပေအကြောင်းရပ်တိုင်းတွင် သီးခြားနောက်ခံသမိုင်းကြောင်း၊ သီးခြားအတတ်ပညာနှင့် သီးခြားလက္ခဏာများရှိနေသည့်အတွက် အကြောင်းရပ်ဆိုင်ရာစာပေများကို ဖတ်ရှုလေ့လာပြီး လိုအပ်ချက်များကို ကြောင်းကျိုးထောက်ပြဝေဖန်ရသော ပညာရပ်ဖြစ်သည်။ စာပေကိုဝေဖန်သောလုပ်ငန်းမှာ အကြောင်းအရာရော ရေးသားတင်ပြပုံကိုပါ ယင်းတို့၏အကျိုးအပြစ်တို့ကို အကဲဖြတ်သုံးသပ်ရခြင်းဖြစ်သဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ ရေးသားဖော်ပြရသော စာပေမျိုးလည်းဖြစ်သည်။

စာပေဝေဖန်သူသည် မိမိဝေဖန်ရေးသားမည့် စာပေအကြောင်းအရာကို နှံ့စပ်သူဖြစ်ရပါမည်။ ထိုးထွင်းဉာဏ်ရှိရပါမည်။ စာပေအရသာကို ခံစားတတ်သူဖြစ်ပြီး စာဖတ်ပရိသတ်သဘောပေါက်အောင် ဖော်ထုတ်ပြသပေးနိုင်သူဖြစ်ရပါမည်။ စာပေဝေဖန်သူတစ်ယောက်သည် အကြောင်းရပ်တစ်ခုကို ဝေဖန်မည်ဆိုလျှင် ဖြူစင်ရိုးဖြောင့်မှု အခြေခံစိတ်ဓာတ်နှင့် ဓမ္မဓိဋ္ဌာန်ကျကျ ဘက်စုံရှုထောင့်အမျိုးမျိုးမှ ကြည့်ရှုသုံးသပ်နိုင်သူလည်း ဖြစ်ဖို့လိုအပ်ပေသည်။

အကြောင်းအရာတစ်ခုကို ဝေဖန်သည့်အခါ စည်းကမ်းစနစ်ဘောင်အတွင်းကသာ ဝေဖန်ရပေမည်။ စာပေဝေဖန်ခြင်းသည် မူရင်းစာကို ပြုစုသူနှင့် ဝေဖန်သူတို့ အငြင်းပွားရန်မဟုတ်ဘဲ အပြုသဘောနှင့် အကဲဖြတ်ပေးရန် အရေးကြီးပေသည်။ ဝေဖန်သူ၏သမာသမတ်ရှိမှု၊ မှန်ကန်မွန်မြတ်သော ရည်ရွယ်ချက်ရှိမှုနှင့် စာဖတ်သူတို့၏ အကျိုးစီးပွားကို ရှေးရှုမှုတို့သည် အရေးကြီးသောလိုအပ်ချက်များဖြစ်ပေသည်။

ယနေ့ခေတ် လူထုဆက်သွယ်ရေးနည်းလမ်းတစ်ရပ်ဖြစ်သောစာပေတွင် ဦးတည်ချက်မှန်ကန်မှု၊ အနုပညာမြောက်မှု၊ ပြည်သူ့အကျိုးပြုမှုဆိုသည့် အရည်အသွေးများရှိရန် ဝေဖန်သူများက ကူညီပံ့ပိုးပေးကြရမည်ဖြစ်သည်။

"ဝေဖန်မှုရှိမှ တိုးတက်မှုကို ရှေးရှုနိုင်သည်" ဆိုသောအချက်နှင့်အညီ ပြည့်ဝမျှတမှန်ကန်သော ဝေဖန်ရေးစာပေများ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ကြရပေမည်။ ဖျော်ဖြေမှုသက်သက်ကိုသာ အလေးကဲသောစာပေများ လျော့ပါးပြီး စိတ်ဝင်စားဖွယ်ရာလည်းပါ၊ အကျိုးရှိရာလည်းဖြစ်နိုင်သော ပြည်သူ့အကျိုးပြုစာပေများ ထွန်းကားဖွံ့ဖြိုးလာအောင် ဆောင်ရွက်ရာတွင် ဝေဖန်ရေးစာပေ၏ကဏ္ဍမှာ အလွန်အရေးပါလှပေသည်။

ဝေဖန်ရေးစာပေစာတမ်းဖတ်ပွဲတွင် ဆရာကြီးမြဇင်က အရည်အသွေးကောင်းမွန်သည့် ပြည်သူ့အကျိုးပြု အမျိုးသားစာပေများ ထွန်းကားရေးအတွက် အရေးပါလှသော ဝေဖန်ရေးစာပေ၏ အဓိပ္ပာယ်၊ ဝေဖန်ရေး၏ကြန်အင်လက္ခဏာများနှင့် သဘောသဘာဝကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပေသည်။

မျက်မှောက်ခေတ် အချို့သော ဝေဖန်ရေးစာများတွင် အာဃာတသဘောများ၊ ချိုးနှိမ်လိုစိတ်များ၊ လူတွင်ကျယ်လုပ်လိုမှုများ၊ လူစုဖွဲ့လိုမှုများ၊ ဖုံးကွယ်လိုစိတ်များ၊ ထင်ပေါ်လိုမှုများ၊ အစွန်းတစ်ဖက်သို့ ရောက်လွန်းခြင်းများ တွေ့မြင်နေရပေသည်။

ဆရာကြီးမြဇင်က စာပေဝေဖန်ရေးသည် ထင်ကြေးပေးသောအလုပ်မဟုတ်ကြောင်း၊ စာပေဝေဖန်ရေးနည်း အများအပြားရှိကြောင်း၊ အတ္ထုပ္ပတ္တိအခြေခံဝေဖန်နည်း၊ အနက်ဖွင့် အကဲဖြတ်နည်း၊ ရိုးရာအခြေခံဝေဖန်နည်း၊ စိတ်ပညာအခြေခံဝေဖန်နည်း၊ နိမိတ်ပုံအခြေခံဝေဖန်နည်း၊ လူမှုရေးပညာအခြေခံဝေဖန်နည်း စသည့်နည်းတို့ကို ပိုင်နိုင်စွာ လေ့ကျင့်ယူ၍ စာကို အနီးကပ်စေ့စပ်စွာ လေ့လာသုံးသပ်အကဲခတ်ယူလျှင် စာပေဝေဖန်ရေးကောင်းများ ပေါ်ထွက်လာနိုင်ကြောင်း နည်းပေးလမ်းညွှန်ပြုထားသည်။

စာပေဝေဖန်ရေးအလုပ်သည် စာပေပြုစုရေးအလုပ်ထက် စည်းကမ်းသတ်မှတ်ဘောင်ခတ်ချက်များပိုပါသည်။ စာပေပြုစုရာ၌ လွတ်လပ်စွာ ဖန်တီးနိုင်သည်။ စာပေဝေဖန်သည့်အခါ ဝေဖန်နေသောစာက ဘောင်ခတ်ထားသည်။ စာပေဝေဖန်ရေးသမားသည် မည်မျှပင်တော်စေဦးတော့ ကဗျာသို့မဟုတ် ဝတ္ထုက ဖော်ကျူးထားသည်ထက်ပို၍ မဆိုနိုင်ပေ။

စာပေဝေဖန်မှုကို ကံ့ကူလက်လှည့်သင်ပေး၍ မရချေ။ စာကို အလေ့အလာများ၍ ထိုလေ့လာချက်များကိုမှီကာ မိမိ၏ ဉာဏ်စွမ်းဉာဏ်စကိုသုံးမှသာ စာကောင်း၊ မကောင်း သိနိုင်မည်ဖြစ်ပေသည်။ စာတစ်ပုဒ်လုံးမှခြုံ၍ရသော အသိအမြင်၊ ထိုအသိအမြင်နှင့်ယှဉ်သော နှစ်သက်မှုသဘောကို ချင့်ချိန်တတ်ရန် စာပေဝေဖန်သူသည် ကျယ်ပြန့်သော စာအတွေ့အကြုံ၊ ကျယ်ပြန့်သော လူမှုအတွေ့အကြုံ လိုအပ်သည့်အပြင် သမိုင်းစိတ်လည်း ပြည့်ဝရန် လိုသည်ဟုလည်း ဆရာကြီးက ဖွင့်ဆိုရှင်းပြထားပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6 (စနစ်သစ်)

ယခင်အပတ်က Unit 4 Lesson: 3 Talking about habits and routines သင်ခန်းစာပါ adverbs of frequency (ကြိမ်နှုန်းပြကြိယာဝိသေသန)အကြောင်းကို ဖော်ပြသွားခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 4 Lesson: 4 What we like and dislike အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 4 Lesson: 4 What we like and dislike
### (ကြိုက်နှစ်သက်တဲ့ အရာနှင့် မကြိုက်နှစ်သက်တဲ့အရာ)

- Hobbies and free time activities
  (ဝါသနာနှင့် အားလပ်ချိန်လုပ်ဆောင်ချက်များ)
- Different kinds of food and drink (စားသောက်ဖွယ်ရာမျိုးစုံ)

**(1) Look at the pictures and write down the hobbies you like and dislike.(ပေးထားသောပုံများကိုကြည့်ပြီး ကြိုက်နှစ်သက်သည့် ဝါသနာများနှင့် မကြိုက်နှစ်သက်သည့် ဝါသနာများကိုရေးပါ။)**

e.g. I like fishing.

e.g. I dislike dancing.

1.  Cycling __________
4.  Weightlifting __________
2.  Dancing __________
5.  Playing baskedball __________
3.  Swimming __________
6.  Playing the flute __________

**(2) Look at the photos above and tell your friend the hobbies you like or dislike using <u>like</u>, <u>love</u>, <u>dislike</u> and <u>hate</u>.**

e.g. I **like** walking. I **dislike** running.

e.g. I **love** doing yoga. I **hate** flying a kite.

1. ______________________________
2. ______________________________
3. ______________________________

**(3) In column A, write 5 sentences about your hobbies. In Column B, write 5 sentences about how often you do these hobbies. (ကော်လံ အေတွင် ဝါသနာများကိုရေးပါ။ ကော်လံဘီတွင် ဝါသနာများကို ဘယ်နှကြိမ်လုပ်ဆောင်သလဲဆိုတာရေးပါ။**

| Column A | Column B |
|---|---|
| e.g. I like playing football. | e.g. I sometimes play football. |
| 1. ______________ | 1. ______________ |
| 2. ______________ | 2. ______________ |
| 3. ______________ | 3. ______________ |
| 4. ______________ | 4. ______________ |
| 5. ______________ | 5. ______________ |

**(4) Look at the pictures. Write 5 sentences about the food and drinks you and your family members like and dislike. (ပုံများကိုကြည့်ပြီး သင်နှင့် သင့်မိသားစုဝင်များ၏ ကြိုက်နှစ်သက်သည့် စားသောက်ဖွယ်ရာနှင့် မကြိုက်နှစ်သက်သည့် စားသောက်ဖွယ်ရာများကိုရေးပါ။)**

1. Strawberry 
2. Durian 
3. Pineapple 
4. Maize 
5. Jackfruit 
6. Watermelon 
7. Milk 
8. Chicken 
9. Mutton 
10. Fish 

e.g. I love strawberry and maize **<u>but</u>** I don't like pineapple.

My mother loves durians **<u>but</u>** she dislikes jackfruits.

1. ______________________________
2. ______________________________
3. ______________________________
4. ______________________________
5. ______________________________

(ဆက်လက်ဖော်ပြပါမည်)

## Grade 7 (စနစ်သစ်)

ယခင်အပတ်က Unit 3 Lesson: 2 Accessories you usually go for အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson 3 : The most expensive jeans သင်ခန်းစာအကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။

### LESSON 3: THE MOST EXPENSIVE JEANS
### ဈေးအကြီးဆုံး ဂျင်းဝတ်စုံများ

*** the use of a lot, many, much, a few and a little**

*** superlative adjectives**

<u>A lot of, many, much, a few and a little</u>

A lot of =များပြားသော(အရေအတွက်ကိုရော ပမာဏတွင်ပါ သုံးသည်)

many =များပြားသော (အရေအတွက်တွင်သာ သုံးသည်)

much =များပြားသော(ပမာဏတွင်သာ သုံးသည်)

a few = အနည်းငယ် (အရေအတွက်တွင်သာ သုံးသည်)

a little = အနည်းငယ် (ပမာဏတွင်သာ သုံးသည်)

**(A) Decide whether you have to use "much" or "many".**

e.g. not .......... eggs

not many eggs

1. too __________ tea
2. not __________ milk
3. too __________ grass
4. not __________clothes
5. too __________ tea bags
6. not __________ jugs of milk
7. too __________ books
8. not __________ cars
9. too __________ apples
10. too __________ pollution
11. too __________ paper
12. not __________ traffic
13. too __________ roads
14. not __________ jokes
15. not __________ apple juice

Ans: *1.much 2. much 3. much 4. many 5. many 6. many 7. many 8. many 9. many 10. much 11. much 12. much 13. many 14. many 15. much*

**(B) Decide whether you have to use "much" or "many".**

1. There is too __________ water in the bath tub.
2. How __________ brothers and sisters has she got?
3. I don't receive __________ letters nowadays.
4. How __________ rice do you eat per week?
5. I put too __________ salt in the soup.
6. How __________ people were at the party?
7. It doesn't make __________ sense.
8. There wasn't __________ traffic on the motorway.
9. My grandfather does not have __________ hair, anymore.
10. How __________ plates do we need?

Ans: *1. much 2. many 3. many 4. much 5. much 6. many 7. much 8. much 9. much 10. many*

**(C) Decide whether you have to use "much" or "many".**

1. She hasn't got __________ time.
2. Do you know __________ words in English?
3. He didn't eat __________ meat.
4. There isn't __________ butter in the fridge.
5. How __________ eggs did the hens lay?
6. U Hla has as __________ money as U Mya.
7. How __________ lessons do you have on Mondays?
8. There was too __________ noise in the streets.
9. I cannot see __________ stars in the sky tonight.
10. Do you have __________ friends abroad?

Ans: *1.much 2. many 3. much 4. much 5. many 6. much 7. many 8. much 9. many 10. many*

**(D) Decide whether you have to use "a little" or "a few".**

1. We had __________ snow last winter.
2. __________ people were interested in the exhibition.
3. I speak __________ French.
4. There are __________ students in the classroom.
5. She has __________ relatives.
6. There is __________ water in the pond.
7. The professor spends __________ time playing tennis on Sundays.
8. We have __________ knowledge of this area.
9. There are __________ mushrooms in my mushroom soup.
10. __________ animals can survive in the desert.

Ans: *1.a little 2. a few 3. a little 4. a few 5. a few 6. a little 7. a little 8. a little 9. a few 10. A few*

### Superlative adjectives (အမြတ်စား နာမဝိသေသနများ)

နာမဝိသေသနများကို ဂုဏ်ရည်အချင်းချင်း နှိုင်းယှဉ်သည့်အခါ အသာလွန်ဆုံးဖြစ်ကြောင်း ဖော်ပြရာတွင် အမြတ်စားနာမဝိသေသနကို သုံးသည်။ အမြတ်စားနာမဝိသေသနများ၏ ရှေ့တွင် the ကို ထည့်သွင်းရေးသားရသည်။

နာမဝိသေသနတစ်လုံးကို အနိမ့်စား(Positive Degree)မှ အမြတ်စား (Superlative Degree)သို့ ပြောင်းလဲရေးသားပါက 'est' သို့မဟုတ် the most/the last တို့ကို ထည့်သွင်းရေးသားရသည်။

**(A) Choose the correct word. Then write out each sentence. မှန်ကန်သော နာမဝိသေသနပုံစံကို ရွေးချယ်ပါ။**

e.g. Mee Lay is (clever, cleverest) than her sister.

Mee Lay is cleverer than her sister.

1. Today is (hotter, hottest) than yesterday.
   ______________________________.
2. Your shoes are (dirtier, dirtiest) than his.
   ______________________________.
3. This is the (noisier, noisiest) place in town.
   ______________________________.
4. She is the (prettier, prettiest) of the three girls.
   ______________________________.
5. An elephant is (bigger, biggest) than a tiger.
   ______________________________.
6. My watch is the (best, better) of all.
   ______________________________.
7. Ko Ko is (taller, tallest) than Nyi Nyi.
   ______________________________.
8. Our neighbours are (richer, richest) than we.
   ______________________________.
9. He is the (brave, bravest) of all the soldiers.
   ______________________________.
10. This sum is the (more difficult, most difficult) of all.
   ______________________________.

Ans: *1. Today is hotter than yesterday. 2. Your shoes are dirtier than his. 3. This is the noisiest place in town. 4. She is the prettiest of the three girls. 5. An elephant is bigger than a tiger. 6. My watch is the best of all. 7. Ko Ko is taller than Nyi Nyi. 8. Our neighbours are richer than we. 9. He is the bravest of all the soldiers. 10. This sum is the most difficult of all.*

**(B) Complete the sentences with superlative forms of adjectives given in brackets.**

1. Who is the __________ person in your family?(tall)
2. My mum is the __________ cook in the world.(good)
3. December is the __________ month of the year in my country. (cold)
4. What's the __________ animal in the world? (dangerous)
5. Ko Min is the __________ boy that I know. (happy)
6. Where are the __________ beaches in your country? (nice)
7. She bought the __________ cake in the shop. (big)
8. U Kaung is the __________ tutor in our university.(experienced)
9. That was the __________ mistake.(stupid)
10. Zin Zin is the __________ pupil in the class.(difficult)

Ans: *1.tallest 2. best 3. coldest 4. most dangerous 5. happiest 6. nicest 7. biggest 8. most experienced 9. most stupid 10. most difficult*

(လာမည့်အပတ်တွင် Lesson 4: A nice blue cotton T-shirt အကြောင်း ဖော်ပြပါမည်)

## Grade 8 (စနစ်ဟောင်း)

ယခင်အပတ်က Active Voice to Passive Voice ရဲ့ Past Simple Tense ပြောင်းပုံကို Positive Sentence, Negative Sentence တို့ကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာ ကျန်ဝါကျများ ပြောင်းလဲရေးသားပုံများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

(ယခင်အပတ်မှ အဆက်)

### Active Voice မှ Passive Voice ပြောင်းရေးနည်း

Past Simple (V2– was, were + V3)

**Positive Sentence**
- Ko Ko played tennis.
- Tennis was played by Ko Ko.

**Negative Sentence**
- Ko Ko did not play tennis.
- Tennis was not played by Ko Ko.

**Positive Question**
- Did Ko Ko play tennis?
- Was ____________?

ဒီဝါကျမှာ Ko Ko က Subject၊ tennis က Object ဖြစ်ပြီးတော့ အဓိက Main Verb က play ဖြစ်ပါတယ်။ ပေးထားတဲ့ပုံစံက အကူကြိယာ did ကို အရှေ့ပို့ထားတဲ့အတွက် အမေးဝါကျဖြစ်ပါတယ်။ Passive Voice ပြန်ရေးရင်လည်း အမေးဝါကျပုံစံပဲ ပြန်ရေးရပါမယ်။ ပေးထားဝါကျကို ရိုးရိုးဝါကျပုံစံ ပြန်ပြောင်းလိုက်ပါ။ ဒါဆို Ko Ko played tennis. ဆိုပြီး ဖြစ်သွားပါတယ်။ ဒီတော့မှ Passive Voice ပုံစံပြောင်းပါ။ Tennis was played by Ko Ko. ဆိုပြီးရသွားပါတယ်။ ဒါပေမယ့် အဖြေဝါကျမရသေးပါဘူး။ အမေးဝါကျပုံစံပြန်ပြောင်းဖို့ လိုပါတယ်။ အမေးဝါကျဖြစ်အောင် အကူကြိယာ was ကို ဝါကျအရှေ့ကို ပို့လိုက်ပါ။ ဒီတော့ အဖြေက **Was** tennis **played** by Ko Ko? ဆိုပြီးရသွားပါတယ်။

**Negative Question**
- Didn't Ko Ko play tennis?
- Wasn't __________?

ဒီဝါကျကလည်း အထက်မှာဖော်ပြခဲ့တဲ့ ရိုးရိုးဝါကျပြောင်းနည်းနဲ့ အတူတူပါပဲ။ အငြင်းဝါကျဖြစ်သွားတာ တစ်ခုပါပဲ။ အငြင်းအမေးဝါကျ ပေးထားတဲ့အတွက် ပြန်ဖြေရင်လည်း အငြင်းအမေးဝါကျပဲ ပြန်ဖြေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပေးထားဝါကျရဲ့ အကူကြိယာ Didn't ကို ဝါကျအတွင်း ပြန်ပို့လိုက်ပါ။ Ko Ko didn't play tennis. ဆိုပြီးဖြစ်သွားပါတယ်။ ဒီတော့မှ Passive Voice ပုံစံပြန်ပြောင်းလိုက်ပါ။ Tennis wasn't played by Ko Ko. ဆိုပြီးဖြစ်သွားပါတယ်။ အမေးဝါကျဖြစ်အောင် Wasn't ကို ဝါကျအရှေ့ထုတ်လိုက်ပါ။ ဒါဆို အဖြေက **Wasn't** tennis **played** by Ko Ko? ဆိုပြီးဖြစ်ပါတယ်။

**Wh...question**
- Who played tennis?
- By whom __________?

ဒီဝါကျမှာ Who နဲ့ပေးထားတဲ့အတွက် By whom နဲ့ ပြန်ဖြေရပါမယ်။ Who က Subject ဖြစ်ပြီးတော့ tennis က Object ဖြစ်ပါတယ်။ played ကတော့ Main Verb ပေါ့။ ဒီဝါကျကို Passive Voice ပြောင်းရေးရင် Tennis was played by whom. ဆိုပြီးဖြစ်သွားပါတယ်။ (by ရဲ့အနောက်မှာ Subject လိုက်လို့မရတဲ့အတွက် Object လိုက်ရပါတယ်။ ဒါကြောင့် by who မဟုတ်ဘဲ by whom ဖြစ်သွားတာပါ။) ဒီတော့မှ by whom ကို ဝါကျအရှေ့ကို ပို့လိုက်ပါ။ မေးခွန်းပုံစံဖြစ်အောင် အကူကြိယာ was ကို ဝါကျအရှေ့ပို့လိုက်ပါ။ ဒါဆိုအဖြေက By whom **was** tennis **played?** ဆိုပြီးရသွားပါတယ်။

**Wh...question**
- What did Ko Ko play?
- What ___________?

ဒီဝါကျကို Passive Voice ပုံစံပြောင်းရေးရင် What ကို အနောက်ပို့ပြီး ရိုးရိုးဝါကျပုံစံပြန်ပြောင်းလိုက်ပါ။ ဒါဆို Ko Ko played what. ဆိုပြီး ရသွားပါတယ်။ ဒီတော့မှ What ကို ဝါကျအရှေ့ပို့ပါ။ played က V2 ဖြစ်တဲ့အတွက် was played ပြောင်းပါ။ ဒီတော့အဖြေက What was played by Ko Ko? ဆိုပြီး ရသွားပါတယ်။

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

1. Zaw Zaw bought two apples.
   Two apples ______________.
2. Zaw Zaw did not buy two apples.
   Two apples ______________.
3. Did Zaw Zaw buy two apples?
   Were ________________?
4. Didn't Zaw Zaw buy two apples?
   Weren't ______________?
5. Who bought two apples?
   By whom ___________?
6. What did Zaw Zaw buy?
   What _____________?
7. Mi Mi studied Japanese.
   Japanese ___________.
8. Ko Lay read the magazine yesterday.
   The magazine ____________.
9. Did Zin Zin cook the rice?
   Was _______________?
10. U Ba did not eat the fish curry.
    The fish curry ______________.
11. Daw Lay cleaned the rooms.
    The rooms ______________.
12. Did Ko Lay study his lessons?
    Were ________________?

Ans: 1. Two apples were bought by Zaw Zaw.
2. Two apples were not bought by Zaw Zaw.
3. Were two apples bought by Zaw Zaw?
4. Weren't two apples bought by Zaw Zaw?
5. By whom were two apples bought?
6. What was bought by Zaw Zaw?
7. Japanese was studied by Mi Mi.
8. The magazine was read by Ko Lay yesterday.
9. Was the rice cooked by Zin Zin?
10. The fish curry was not eaten by U Ba.
11. The rooms were cleaned by Daw Lay.
12. Were his lessons studied by Ko Lay?

(ဆက်လက်ဖော်ပြပါမည်)

## Grade 9 (စနစ်ဟောင်း)

အရင်အပတ်က Verb Forms မေးခွန်းတွေကို ကာလမျိုးစုံပေါင်းစပ်ပြီး လေ့ကျင့်ခန်းများ ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတစ်ခုချင်းစီရဲ့ Verb ကြိယာတွေကို အသုံးပြုပြီး Verb Forms မေးခွန်းများဖော်ပြထားပါတယ်။

### Verb Forms

#### Lesson–1 The Necklace

**Supply the correct form of the verb given in brackets.**

1. (lose) I _____ my cows since yesterday.
2. (pay) He _____ for the tickets.
3. (lend) Can you _____ me your pencil?
4. (notice) I _____ your new friend.
5. (replace)Nothing can _____ a mother's love.
6. (return) I _____ the book to her this morning.
7. (know)I _____ him since my childhood.
8. (make) She ____ a noise now.
9. (wear)He always _____ a white shirt.
10. (not care) I _____ whatever you say.
11. (think) Now, I _____ about the picnic we had last year.
12. (remember) Do you _____ me, Ma Sein Kyi?
13. (settle) I have to _____ my debt.
14. (speak) I can _____ English fluently.
15. (not change) He _____ a lot yet.
16. (not find) I _____ my lost car yet.
17. (live) We _____ in Tatkon since the year 2000.
18. (borrow) I _____ some money from Ma Pa Pa last night.
19. (sit)Would you mind if I _____here?
20. (greet) They _____ me when I got here.

*Ans: 1. have lost; 2. paid; 3. lend; 4. notice; 5. replace; 6. returned; 7. have known; 8. is making; 9. Wears; 10. don't care; 11. am thinking; 12. remember; 13. settle; 14. speak; 15. hasn't changed; 16. have not found; 17. have lived; 18. borrowed; 19. sat; 20. greeted;*

#### Lesson–2 The Nobel Prize

**Supply the correct form of the verb given in brackets.**

1. (get) What kind of people _____ Nobel Prizes?
2. (sign) Please _____ below your name.
3. (improve) Your speaking skill has _____ a lot.
4. (invent) By whom was the telephone _____ ?
5. (press) _____ the button to open the door.
6. (win) We want to _____ the match.
7. (continue) They _____ working in the heavy rain.
8. (ring) He will _____ you up later.
9. (award) The school ____ outstanding students every year.
10. (name) My cat was _____ Shwe Wah.
11. (die) She _____ in a car accident last year.
12. (sell) He had to _____ his car to settle all debts.
13. (switch) I am not watching the TV. You can _____ it off.
14. (write) I _____ a letter to my family now.
15. (explode) A bomb _____ near the bus-stop two years ago.
16. (produce) Myanmar _____ much rice every year.
17. (bear) I was _____ in Yangon.
18. (manufacture) Our body cannot _____ vitamins.
19. (feel) I _____ sick at the moment.
20. (use) Can I _____ your dictionary, please?

*Ans: 1. gets: 2. sign; 3. improved; 4. invented; 5. Press; 6. win; 7. continued; 8. ring; 9. awards; 10. named; 11. died; 12. sell; 13. switch; 14. am writing; 15. exploded; 16. produces; 17. born; 18. manufacture; 19. am feeling; 20. use;*

#### Lesson 3: Producing A Television Show

**Supply the correct form of the verb given in brackets.**

1. (perform) A computer can _____ many tasks at once.
2. (act) He _____ in this movie.
3. (wear) My aunt always _____ make-up when she goes outside.
4. (say) Look at me, please. I have something to _____ .
5. (talk) What are you _____ about?
6. (cry) She _____ when she heard the bad news.
7. (rehearse) We had only two weeks to _____ .
8. (shoot) The boys are _____ stones into the lake.
9. (wear) He _____ that shirt for one week.
10. (live)We _____ in this town for 10 years.
11. (show)Please _____ me your photo of your parents.
12. (produce) Our cat _____ kittens last night.
13. (direct) This movie was ______ ___ by Min Min.
14. (write)Who was this song _____ ____ by? (By whom was this song_______ __?)
15. (design) U Hla _____ our house.
16. (practise) You had better _____ speaking English every day.
17. (compose) Ko Ko _____ this song.
18. (watch) We_____ television when father got back from the office.
19. (try) He is ____ to pass the final examination.
20. (photograph) I prefer ____ places rather than people.

*Ans: 1. perform; 2. acted; 3. wears; 4. say; 5. talking; 6. cried; 7. rehearse; 8. shooting; 9. has worn; 10. have lived; 11. show; 12. produced; 13. directed; 14. written; 15. designed; 16. practise; 17. composed; 18. were watching; 19. trying; 20. photographing;*

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၂၇၁၅ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၅၇ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၅-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၂,၇၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၀၅၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄.၆၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၉၈၅,၁၉၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၀၅,၀၃၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၅၄၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၇၅,၄၅၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၇)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၇၈၃) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ် ကြည့်ရှုလျက်ရှိရာ အပတ်စဉ်အလိုက် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုး တွေ့ရှိမှုနှုန်းများမှာ (၅) ရာခိုင်နှုန်းအောက်သို့ စတင်လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ပြည်သူလူထု အကြား မြုပ်ကွယ်နေသည့် ကိုဗစ်-၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ- ရောဂါလက္ခဏာ မပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်းမရှိသူများ) ထံမှ ရောဂါပိုးအဆင့်ဆင့် ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်း မရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျ လာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာလိုက်နာကြပါရန် ဖြစ်ပါသည်။
    - **အတတ်နိုင်ဆုံး မိမိတို့၏နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊**
    - **နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊**
    - **လက်ကို မကြာခဏဆေးကြောခြင်း၊**
    - **တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊**
    - **အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊**
    - **သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ် ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊**
    - **ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊**
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၅-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၄၉၇) ခု | (၁၄၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၈) ခု | (၁၃) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၀၃) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၉) ခု | (၃၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၅၇) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၇၀) ခု | (၄၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၈,၆၀၁) ခု | (၈၁၀) ဦး |
| စုစုပေါင်း | (၂၂,၇၁၅) ခု | (၁,၀၅၇) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၇၁၉၃၂၅၇ | ၃၇၁၉၄၈၀၅ | ၇၇၂၃၉၄ |
| ၂။ | အိန္ဒိယ | ၃၄၃၃၃၁၉၉ | ၃၃၇၁၆၆၃၂ | ၄၅၉၈၈၀ |
| ၃။ | ဘရာဇီး | ၂၁၈၄၉၁၃၇ | ၂၁၀၄၇၂၉၆ | ၆၀၈၇၁၅ |
| ၄။ | ဗြိတိန် | ၉၂၀၈၂၁၉ | ၇၄၉၂၄၇၅ | ၁၄၁၃၉၅ |
| ၅။ | ရုရှား | ၈၇၁၄၅၉၅ | ၇၅၀၅၉၇၁ | ၂၄၄၄၄၇ |
| ၆။ | တူရကီ | ၈၁၅၀၇၀၈ | ၇၆၁၇၃၆၇ | ၇၁၅၂၆ |
| ၇။ | ပြင်သစ် | ၇၁၉၀၃၃၄ | ၆၉၆၂၅၂၆ | ၁၁၇၈၄၉ |
| ၈။ | အီရန် | ၅၉၇၃၄၅၇ | ၅၅၇၄၂၄၆ | ၁၂၇၀၅၃ |
| ၉။ | အာဂျင်တီးနား | ၅၂၉၃၉၈၉ | ၅၁၆၀၁၆၃ | ၁၁၆၀၅၅ |
| ၁၀။ | စပိန် | ၅၀၂၂၅၄၆ | ၄၈၇၆၅၁၄ | ၈၇၄၇၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၄၇၃၂၀ | ၄၀၉၂၅၈၆ | ၁၄၃၅၁၉ |
| ၂။ | ဖိလစ်ပိုင် | ၂၇၉၇၉၈၆ | ၂၇၁၆၅၂၄ | ၄၄၀၈၅ |
| ၃။ | မလေးရှား | ၂၄၉၂၃၄၃ | ၂၃၉၆၂၄၄ | ၂၉၁၅၅ |
| ၄။ | ထိုင်း | ၁၉၅၁၅၇၂ | ၁၈၃၄၇၃၀ | ၁၉၅၄၂ |
| ၅။ | ဗီယက်နမ် | ၉၅၃၅၄၇ | ၈၃၇၃၄၇ | ၂၂၄၁၂ |
| ၆။ | မြန်မာ | ၅၀၅၀၃၈ | ၄၇၅၄၅၀ | ၁၈၇၈၃ |
| ၇။ | စင်ကာပူ | ၂၁၀၉၇၈ | ၁၈၁၅၉၅ | ၄၅၉ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၈၉၄၈ | ၁၁၅၂၈၉ | ၂၈၁၈ |
| ၉။ | လာအို | ၄၅၀၂၀ | ၃၈၆၈၁ | ၇၇ |
| ၁၀။ | ဘရူနိုင်း | ၁၃၅၄၅ | ၁၂၀၉၈ | ၉၁ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို မြို့အဝင်ဂိတ်နှင့် ကျေးရွာဆေးထိုးစုရပ်များအထိ ရွေ့လျားစနစ်ဖြင့် ကွင်းဆင်းထိုးနှံပေးလျက်ရှိ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက်ထိုးနှံနိုင်ကြစေရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ရွေ့လျားအဖွဲ့များဖွဲ့၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အသက်အုပ်စုအလိုက် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်ထိုးနှံနိုင်စေရန်အတွက် မြို့ပေါ်ဆေးထိုးစုရပ်များဖြစ်သည့် မြို့နယ်သာသနာ့ဗိမာန်နှင့် မြို့နယ်အားကစားခန်းမတို့တွင် နေ့စဉ် နံနက် ၈ နာရီမှ မွန်းလွဲ ၂နာရီထိ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် လာရောက်မထိုးနှံနိုင်ကြသူများအတွက် ရွေ့လျားအဖွဲ့များဖွဲ့၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရွေ့လျားစနစ်ဖြင့်ဆောင်ရွက်**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျောက်ပန်းတောင်း - မိတ္ထီလာလမ်းအဝင် မြတ်နိုးသူဂိတ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး မိုးကိုကို ဦးဆောင်၍ မြို့တွင်းသို့ ဝင်ရောက်လာသူများအား ဆေးထိုးပြီးစီးကြောင်း လက်မှတ် ပါ/မပါ စစ်ဆေးကာ ဆေးထိုးပြီးစီးမှုမရှိသူများအား မြို့အဝင်ဂိတ်တွင် ဖွင့်လှစ်ထားသည့် ဆေးထိုးစုရပ်တွင် တစ်ပါတည်း ဆေးထိုးနှံနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးသည့်အပြင် ဆေးထိုးလာရောက်ရန် ခက်ခဲသည့်သူများအတွက် ကျေးရွာ ဆေးထိုးစုရပ်များဖြစ်သည့် စမ်းပွင့်ကျေးရွာဆေးထိုးစုရပ်နှင့် မုံကမ်းကျေးရွာ ဆေးထိုးစုရပ်တို့တွင်လည်း ရွေ့လျားစနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၄ ရက်အထိ ဒုတိယအသုတ် (ဒုတိယအကြိမ်) ထိုးနှံပြီးသူ ၁၁၇၀၃ ဦးနှင့် တတိယအသုတ် (ပထမအကြိမ်) ထိုးနှံပြီးသူ ၁၂၉၅၇ ဦး ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။



**ကိုနေ (ကျောက်ပန်းတောင်း)**

## မောင်တော၌ ကျောင်းသား ကျောင်းသူ ၅၈၃၀ တို့အား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်

**မောင်တော နိုဝင်ဘာ ၅**

ရခိုင်ပြည်နယ် မောင်တောမြို့၌ အခြေခံပညာကျောင်းများရှိအသက်၁၂နှစ်အထက် ကျောင်းသား ကျောင်းသူများအား ပထမအကြိမ်အဖြစ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက သတ်မှတ်စုရပ်များ၌ ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



ကာကွယ်ဆေးမထိုးမီ ပညာရေးဝန်ထမ်းများက စာရင်းမှတ်ယူခြင်း၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာနုကေသီစံ၏ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက လာရောက်ထိုးနှံသည့် ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများ ဖြန့်ဝေခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းတို့ကို ဆောင်ရွက်ပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးပြီး ထိုးနှံပြီးသူများအား မိနစ် ၃၀ ခန့် အနားယူစေပြီး ကာကွယ်ဆေး ထိုးနှံနေမှုကို ဌာနဆိုင်ရာများ၊ ကျောင်းအုပ်များနှင့် တာဝန်ရှိသူများကကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မောင်တောမြို့နယ် အခြေခံပညာကျောင်းများရှိ စုရပ် ၅၃ နေရာတွင် ကာကွယ်ဆေးထိုးနှံပေးမည့် အသက် ၁၂ နှစ်အထက် လျာထား ကျောင်းသား ကျောင်းသူဦးရေ ၇၂၉၇ ဦးရှိပြီး ပထမအကြိမ်အဖြစ် နိုဝင်ဘာ ၄ ရက်တွင်လည်း အထက်တန်းကျောင်းသား ကျောင်းသူ ၁၈၇ ဦးနှင့် အလယ်တန်းကျောင်းသား ကျောင်းသူ ၄၂၈ ဦး စုစုပေါင်း ၆၁၅ ဦးတို့အား ထိုးနှံပေးနိုင်ခဲ့ပြီး အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ အသက် ၁၂ နှစ်အထက် ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပြီးစီးသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၈၃၀ တို့အား ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး (ခရိုင် ပြန်/ဆက်)**

## အနုပညာ

## အနုပညာလှုပ်ရှားမှုတွေကနေ ခေတ္တအနားယူမယ့် ရှိုင်ယန်ရေးနော့ဗ်

ဟောလိဝုဒ်သရုပ်ဆောင် မင်းသား ရှိုင်ယန်ရေးနော့ဗ်ဟာ သူ့ရဲ့ကလေးတွေကို အချိန်ပေးဖို့အတွက် အနုပညာလှုပ်ရှားမှုသစ်တွေ လုပ်ဆောင်ခြင်းကို ရပ်နားထားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရှိုင်ယန်ရေးနော့ဗ်က သူ့အနေနဲ့ ရုပ်ရှင်သစ်တွေ လက်ခံရိုက်ကူးခြင်းမှ ခေတ္တအနားယူကာ မိသားစုနဲ့ အချိန်ကုန်ဆုံးမှာဖြစ်ကြောင်း လတ်တလောမှာ ပရိသတ်တွေကို အသိပေးခဲ့တာပါ။ သူဟာ ဇနီးဖြစ်သူ ဘလိတ်ခ်လိုက်ဗလီနဲ့ ရင်သွေးလေးတွေနဲ့အတူ အပြင်ထွက်လည်ပတ်ရတာကို ကြိုက်နှစ်သက်ပြီး သူ့ရဲ့ရင်သွေးလေးတွေ ဆယ်ကျော်သက်အရွယ်ရောက်ကာ သူ့ကို မစိမ်းကားသွားမီ ကလေးတွေနဲ့ အချိန်ကုန်လိုတာဖြစ်တယ်လို့ ဆိုပါတယ်။

ရှိုင်ယန်ရေးနော့ဗ်နဲ့ ဘလိတ်ခ်လိုက်ဗလီတို့မှာ ရင်သွေးလေးတွေဖြစ်ကြတဲ့ အသက်ခြောက်နှစ်အရွယ် သမီးလေး ဂျိမ်းစ်၊ ငါးနှစ်အရွယ် အိုင်းနက်စ်နဲ့ နှစ်နှစ်အရွယ် ဘတ်တီတို့ ရရှိခဲ့ပြီးဖြစ်ပါတယ်။

## ကင်ဝူဘင်၊ အက်ဆမ်တို့နှင့် တွဲဖက်သရုပ်ဆောင်ရန် ဆောင်းဆန်ဟွန်း ဆွေးနွေး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဆောင်းဆန်ဟွန်းဟာ ရုပ်သံဇာတ်လမ်းတွဲသစ် လက်ခံရိုက်ကူးဖို့ရာ လတ်တလောမှာ ဆွေးနွေးမှုတွေပြုလုပ်နေကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



**အေးပြည့် - စုစည်းသည်**

နိုဝင်ဘာ ၅ ရက်မှာ ဆောင်းဆန်ဟွန်းရဲ့ ဖျော်ဖြေရေးအေဂျင်စီက မင်းသားဟာ Delivery Knight လို့ အမည်ပေးထားတဲ့ ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ဖို့အတွက် ကမ်းလှမ်းခံခဲ့ရကြောင်းနဲ့ လတ်တလောမှာ အဆိုပါဇာတ်လမ်းတွဲနဲ့ပတ်သက်ပြီးလေ့လာနေကြောင်း ပြောကြားခဲ့ပါတယ်။ ယင်းဇာတ်လမ်းတွဲမှာ မင်းသားကင်ဝူဘင်နဲ့ မင်းသမီးအက်ဆမ်တို့ ပါဝင်သရုပ်ဆောင်ဖို့ရာ ဆွေးနွေးနေကြောင်းလည်း သိရပါတယ်။

ယင်းဇာတ်လမ်းတွဲဟာ အနာဂတ်မှာဖြစ်ပေါ်လာမယ့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတွေအကြောင်း ပုံဖော်သွားမှာပါ။ ဆိုးရွားတဲ့ ညစ်ညမ်းမှုတွေအကြား အသက်ရှင်ရပ်တည်ဖို့ ကြိုးပမ်းခဲ့ပုံတွေကို တွေ့မြင်ရမှာဖြစ်ပြီး ဆောင်းဆန်ဟွန်းကတော့ အဆိုပါဇာတ်လမ်းတွဲမှာ ဗီလိန်ဇာတ်ကောင်နေရာကနေပါဝင်ဖို့ ကမ်းလှမ်းခံထားရတာဖြစ်တယ်လို့ သိရပါတယ်။



## စနိုးဝှိုက်ရုပ်ရှင်သစ်တွင် ဂဲလ်ဂတ်ဒေါ့ပါဝင်သရုပ်ဆောင်မည်

အမျိုးသမီး လူစွမ်းကောင်း ဇာတ်ကောင်တစ်ခုဖြစ်တဲ့ Wonder Woman အဖြစ် ကျော်ကြားတဲ့ မင်းသမီး ဂဲလ်ဂတ်ဒေါ့ဟာ လိုက်ဗ်အက်ရှင်ရုပ်ရှင်အဖြစ် ပြန်လည်ဆန်းသစ်ရိုက်ကူးမယ့် စနိုးဝှိုက်ရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်မှာဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါရုပ်ရှင်မှာ ဂဲလ်ဂတ်ဒေါ့ဟာ မှန်ရှေ့မှာရပ်ကာ ကမ္ဘာပေါ်မှာ ဘယ်သူအလှဆုံးလဲဆိုတာကို မေးလေ့ရှိတဲ့ မကောင်းဆိုးရွား ဘုရင်မကြီးအဖြစ် ပါဝင်သရုပ်ဆောင်မှာဖြစ်တယ်လို့ သိရပါတယ်။ ယင်းရုပ်ရှင်သစ်အတွက် ထုတ်လုပ်ရေးလုပ်ငန်းတွေကို ၂၀၂၀ ပြည့်နှစ်အတွင်း စတင်နိုင်ဖွယ်ရှိကြောင်းလည်း သိရပါတယ်။

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၀-၉-၂၀၂၁** ရက်နေ့မှ စတင်၍ **၃-၁၂-၂၀၂၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဒီဇင်ဘာလ ၆ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော ဟာရိဗလ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးစီမံချက်လုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြရန် နှိုးဆော်ခြင်း







[illegible]



[illegible]

[illegible]

... High Mast Light ... Account Transfer ... Garden Light ...

[illegible]

## ဒေါ်စန်းရီ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၅၇)၊ တိုက် ၉/၁၁၊ အခန်း (၂၀၂/အေ)၊ ဒုတိယထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေသူနှင့် ဒေါ်လှဌေး(ခ) ဒေါ်ရီလှိုင် အမှတ်(၁၉၆)၊ ၂၉-လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တို့ သိစေရန်

မြစ်သားမြို့၊ ဘူတာရပ်ကွက်နေ၊ ဒေါ်သင်းသင်းလှိုင်(ခ) မလှိုင်(ဘ) ဦးပေါ်မောင် [၉/မသန(နိုင်)၁၀၈၀၂၈]၊ ဦးဌေးဝင်း (ဘ) ဦးချစ်ဆွေ [၉/မသန(နိုင်)၀၀၈၆၀၅]၊ ဒေါ်နွဲ့ရီ (ဘ) ဦးပေါ်မောင်[၉/မသန(နိုင်)၀၂၂၃၂၃]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားကြေညာအပ်ပါသည်-

ဒေါ်လှဌေး(ခ) ဒေါ်ရီလှိုင်မှ (၁၆-၁၀-၂၀၂၁)ရက်စွဲပါ ကြေးမုံသတင်းစာ၌" မြစ်သားမြို့၊ ဘူတာရပ်နေ ဦးလိမ္မာ၊ ဒေါ်သင်းသင်းလှိုင်(ခ)မလှိုင်၊ ဦးဌေးဝင်း၊ ဒေါ်နွဲ့ရီတို့သိစေရန်''ဟု သတင်းစာတွင် အကြောင်းကြားကြေညာခဲ့ပါသည်။ လူကြီးမင်းတို့ အကြောင်းကြားစာပါ အချက်များမှာ မှန်ကန်မှုမရှိကြောင်း သိစေရန်အတွက် ပြန်လည်အကြောင်း ကြားအပ်ပါသည်။ မှန်ကန်မှုမရှိသည့်အကြောင်းအရာများအား သတင်းစာမှတစ်ဆင့် အကြောင်းကြားကြေညာခြင်းသည် အကြောင်းကြားခံရသူများအပေါ် ဂုဏ်သိက္ခာကျဆင်းခြင်း၊ အရှက်ရစေခြင်းများဖြစ်ပေါ်စေခဲ့ပါသည်။ ထို့အတွက် အကြောင်းကြားခြင်းခံရသူများ၌ နစ်နာမှုများဖြစ်ပေါ်လာပါက လူကြီးမင်းတို့ တာဝန်ယူရမည်သာဖြစ်ကြောင်းနှင့် လူကြီးမင်းတို့ အကြောင်းကြားစာပါအချက်များ မှန်ကန်မှုလုံးဝ(လုံးဝ)မရှိ၍ လိုက်နာရန်မလိုအပ်ကြောင်း ပြန်လည်အကြောင်းကြားအပ်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၇၆)**
**အိမ်အမှတ်(၁၂၁)၊ မြို့မအနောက်ရပ်၊ (၁၄)လမ်း၊ မြစ်သားမြို့၊ ဖုန်း-၀၉-၄၅၅၅၂၀၅၅၃၊ ၀၉-၄၄၅၆၀၄၄၁၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၁၀၇)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးတင်ရွှေ[၁၂/မဘန(နိုင်)၀၄၇၄၄၁] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉- ၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ဆရာစံလမ်းနှင့် ဇေယျာသီရိ(၅) လမ်းထောင့်၊ မြေကွက်အမှတ်(၅၇၇)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးကြည်လင်(ခ)ဝမ်ကျီချန် [၁၃/လရန(နိုင်)၀၀၀၈၁၇]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်ပြုံး(ခ) ဒေါ်လောဆိုင်[၁/မကတ(နိုင်)၀၀၇၇၅၉]** သည် "နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ ရတနာပုံ(၂)လမ်း၊ မြေကွက်အမှတ်-၅၅၇(က)ဟုခေါ်တွင်သော(၂၀ပေx၆၀ပေ) အကျယ်ရှိပါမစ်မြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်အိမ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

အထက်ဖော်ပြပါ ပါမစ်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်အိမ်အား ဦးမောင်ပေါ် [၁၂/မရက(နိုင်)၀၉၅၈၅၄]မှ တရားဝင် အမည်ပေါက်ပြီး လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုချက်အရ အဆိုပါ မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်၏ မိတ်ဆွေကအ ပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း မူရင်း အထောက်အထားခိုင်လုံစွာ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့သက်ထား (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၇၀)**
**အမှတ်(၈၉၇)၊ ဗိုလ်လင်းယုန်လမ်း၊ (၁၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၂၀၁၁၆၃၈၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ မအူပင်လမ်း၊ အမှတ်(၃၈)၊ ပထမထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၃ ၁/၂ x၆၀)ပေရှိ တိုက်ခန်းကို အပြောက်စနစ်ဖြင့်ဝယ်ယူရန် လက်ရှိ တရားဝင်ပိုင်ရှင် ဒေါ်တင့်တင့်ဆန်း[၁/ကမန(နိုင်)၀၃၂၄၂၇]သို့ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွှန့်** |
| **B.Sc,DA,HGP,R.L,DBL,DML,DIL** | **LL.B(စဉ်-၁၀၀၆၃)** | **BA,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ ၀၉-၄၂၀၃၅၉၆၃ ၀၉-၅၀၅၃၁၀၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ လူနေရပ်ကွက်အမှတ်(၄၀)၊ ရန်ကင်းရန်ရှင်းလမ်း၊ အမှတ်(၂၈/B)ဟုခေါ်တွင်သော ဘိုးဘွားပိုင်မြေအမျိုးအစား၊ အကျယ်အဝန်း ၀.၀၀၂၉ ဧကရှိ မြေနှင့်နေအိမ်အား ပိုင်ဆိုင်သူ ဒေါ်နန်းလောင်ခမ်း[၁၃/ကတန(နိုင်)၀၆၃၁၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဇော်ထွန်း[၇/ပတန(နိုင်)၀၀၁၆၈၃]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ အဆိုပါ မြေကွက်နှင့်နေအိမ်အား ရောင်းချခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်တင်ပြနိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ် ပြီးဆုံးသည်ထိတိုင်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးအောင်ဇော်ထွန်း** | **ဒေါ်ဖွန်ပန်းဖွေး** |
| **[၇/ပတန(နိုင်)၀၀၁၆၈၃]** | **LL.B,D.B.L,DL 101 WIPO (Switzerland)** |
| | **အထက်တန်းရှေ့နေ** |
| | **စဉ်-၃၄၉၇၉ (၁၁-၁၂-၂၀၁၀)** |

**အမှတ်(၁၆၇၄/ခ)၊ ပဒုမ္မာလမ်း၊ ၁၀/တောင်(၁၄)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09- 750941348**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်အိရွှေဇင်[၁၂/ဥကမ(နိုင်)၁၇၇၄၀၇]သည် မြောက်ဒဂုံမြို့နယ်၊ (၅၀)ရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ်(၇၈၇-ခ)၊ အလျား ၂၀ပေxအနံ ၆၀ပေနှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်နှင့်ဆက်စပ်စာချုပ်၊ ပိုင်ဆိုင်မှု၊ စာရွက်စာတမ်းအရပ်ရပ်တို့ကို ရောင်းချသူ ဦးဇော်မင်းထွန်းနှင့် ဒေါ်ယာစမင်းထံမှ အပြီးအပိုင်ဝယ်ယူခြင်းကို (၁-၁၁-၂၀၂၁)ရက်တွင် တရားဝင်လက်ဝယ် ပိုင်ဆိုင်၍ အရောင်းအဝယ်ပြုခဲ့ပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၃)ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခဲ့သူမရှိပါက ပိုင်ဆိုင်မှုအထမြောက် အောင်မြင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိရွှေဇင်[၁၂/ဥကမ(နိုင်)၁၇၇၄၀၇]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြုံးမာလွင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၇၅၃၀/၉-၆-၂၀၁၆)**
**သစ္စာနေခြည်လမ်း၊ နတ်စင်တစ်ရာကုန်းထိပ်၊ ကျောက်ရေကုန်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၇၀၁၇၉၁၈၀၊ ၀၉-၆၇၇၀၅၄၈၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၁၉ (ညောင်အုပ်ကြီးအရှေ့ကွင်း)၊ ဦးပိုင်အမှတ်-၈/၂ဟုခေါ်တွင်သော အကျယ်အဝန်း(၂.၇၃)ဧကရှိ ဦးဇော်လင်း အမည်ပေါက်မြေကွက်နှင့် ကွင်းအမှတ်-၅၁၉ (ညောင်အုပ်ကြီးအရှေ့ကွင်း)၊ ဦးပိုင်အမှတ်-၈/၃ဟုခေါ်တွင်သော အကျယ်အဝန်း(၂.၀၄)ဧကရှိ ဒေါ်သိန်းနု အမည်ပေါက် မြေကွက်များအပါအဝင် ယင်းမြေကွက်များနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက် ပိုင်ဆိုင်သူများမှ ယနေ့တိုင် လက်ရှိထားပိုင်ဆိုင်ကာ တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း အဆိုပြုပြောဆို၍ ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း အထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ကျွန်ုပ် ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးမော်**
**(စဉ်-၁၀၇၂၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၉၅၊ နတ်သျှင်နောင်လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၈၃၀**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ မိခင် ဒေါ်မေခိုင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားသိစေအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေတို့၏ သမီးဖြစ်သူ မဆုဒါလီဇော်သည် မိဘတို့၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ ၎င်းသဘောဆန္ဒအလျောက် နေအိမ်မှထွက်သွားနေထိုင်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြုံးမာလွင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၇၅၃၀/၉-၆-၂၀၁၆)**
**သစ္စာနေခြည်လမ်း၊ နတ်စင်တစ်ရာကုန်းထိပ်၊ ကျောက်ရေကုန်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၇၀၁၇၉၁၈၀၊ ၀၉-၆၇၇၀၅၄၈၄၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ လူနေရပ်ကွက် အမှတ်- ကံဘဲ့၊ မြေကွက်အမှတ်(၈-ဌ/ က-၁A)၊ ဧရိယာ (၀.၅၀၂ဧက) အကျယ်ရှိ မြေပိုင်မြေအမျိုးအစား မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၆၅-ဘီ) ဟုခေါ်တွင်သည့် **Kabaraye Executive Residence (KER)** ကွန်ဒို၏ အခန်းအမှတ်(14-E)၊ ဧရိယာ(၁၃၂၁.၉၂စတုရန်းပေ)အကျယ်ရှိ အခန်းဖွဲ့စည်းပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းနှင့် ယင်းအခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသော (ရေ/မီးနှင့် ပရိဘောဂပစ္စည်းများအပါအဝင်) အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဖြူဖြူဝင်း[၁/ဝမန(နိုင်)၀၄၀၇၀၈]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ထို့အတွက် အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ကာလပြည့်မြောက်သည့်နေ့ရက်သို့ရောက်ရှိသည့်တိုင် ကန့်ကွက်မည့်သူ တစ်စုံတစ်ဦးမျှမရှိပါက အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးအောင်ဇော်မျိုး(LL.B)** | **ဒေါ်ဝင်းပပ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၆၀)** |
| **ဒေါ်ခင်မျိုးကြည် (LL.B)** | **ဒေါ်အိအိမွန် (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၄၃၇၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၀၂၉)** |

**UAZM LAW FIRM LIMITED**
**အမှတ်-၁၂၃/၁၃၃၊ အခန်းအမှတ်-6-B၊ Pansodan Business Tower ပန်းဆိုးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-5184231,09-8614512,09-49208402**

## (၂-၉-၂၀၂၀)ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်နှင့် အဆောက်အဦအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်"အား နှစ်ဦးသဘောတူဖျက်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရန်မင်းအောင်[၁၂/ဒဂရ(နိုင်)၀၁၅၅၇၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ဇေယျာ(၈)လမ်း၊ မြေကွက်အမှတ်(၃၄၆/က)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူရန်သဘောတူညီပြီး ဦးအံ့မော်[၉/မထလ(နိုင်)၁၆၈၉၄၆]မှ ရောင်းချသူ ဦးရန်မင်းအောင်ထံသို့ (၂-၉-၂၀၂၀)ရက်စွဲပါ စာချုပ်ဖြင့် စရန်ငွေပေးအပ်ခဲ့ပါသည်။ ယခုအခါ အဆိုပါ အရောင်း အဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်လိုသည့် ဆန္ဒမရှိတော့ပါသဖြင့် ရောင်း ချသူ ဦးရန်မင်းအောင်နှင့် ဝယ်ယူသူ ဦးအံ့မော်တို့မှ (၂-၉-၂၀၂၀)ရက်စွဲပါ "နှစ်ဦး သဘောတူ မြေကွက်နှင့်အဆောက်အဦအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်" အား နှစ်ဖက်ညှိနှိုင်းပြီး ဖျက်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဌေးလွင်(LL.B)** | **ဒေါ်ခင်လဲ့ဝေ (LL.B, D.B.L)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၃၄၀၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၉၁)** |
| **အမှတ်(၆၀၁)၊ (၂၁)ရပ်ကွက်၊** | **အမှတ်(၅၇)၊ သိပ္ပံလမ်း၊ ဆင်မင်း** |
| **ရွှေပေါက်ကံမြို့နယ်၊** | **ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။** |
| **ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၇၉၀၈၁** | **ဖုန်း-၀၉-၇၇၄၇၅၆၅၀၆** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ချိုမာဝင်း [၁၂/မဂဒ(နိုင်)၀၉၁၆၅၃] သည် မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ်(၃၅၇-က) အလျား ၁၃ ၁/၃ ပေx အနံ ၆၀ပေနှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်နှင့် ဆက်စပ်စာချုပ်၊ ပိုင်ဆိုင်မှု စာရွက်စာတမ်းအရပ်ရပ်တို့ကို ရောင်းချသူ ဒေါ်အိရွှေဇင်[၁၂/ဥကမ(နိုင်)၁၇၇၄၀၇]ထံမှ အပြီးအပိုင်ဝယ်ယူခြင်းကို (၁-၁၁-၂၀၂၁) ရက်တွင် တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ အရောင်းဝယ်ပြုခဲ့ပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၃)ရက်အတွင်း ခိုင်လုံသော သက်သေခံ အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခဲ့သူမရှိပါက ပိုင်ဆိုင်မှုအထမြောက် အောင်မြင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုမာဝင်း [၁၂/မဂဒ(နိုင်)၀၉၁၆၅၃]၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြုံးမာလွင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၇၅၃၀/၉-၆-၂၀၁၆)**
**သစ္စာနေခြည်လမ်း၊ နတ်စင်တစ်ရာကုန်းထိပ်၊ ကျောက်ရေကုန်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၇၀၁၇၉၁၈၀၊ ၀၉-၆၇၇၀၅၄၈၄၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၇ရပ်ကွက်၊ ၁၅-လမ်း၊ တိုက်အမှတ်(၇၈-၈၆)၏ စတုတ္ထထပ်၊ အခန်း-၅၀၁၊ အကျယ်(၃၃ပေx၄၅ပေ)ရှိ တိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ ရောင်းခွင့်ရှိသူဟုဆိုသူ ဦးရဲမြင့်[၁၂/ပဇတ(နိုင်)၀၁၂၃၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်မူယာဇော်ဝင်း[၁/ဗမန(နိုင်)၀၀၀၄၇၂]နှင့် မမြမှူးခင်[၂/လကန(နိုင်)၁၁၇၀၇၈]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)**
**အမှတ်(၈၂)၊ ၁၂-လမ်း၊ လမ်းမတော်မြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်းငြိမ်းချမ်းရေးရပ်ကွက်၊ ပန်းလှိုင်အလယ်လမ်း၊ အမှတ်(၁၂)၊ ၅-လွှာ၊ အကျယ်(၂၅ပေx၅၀ပေ)ရှိ ခတ်လှေကားပါတိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးတင်စိန်[၁၄/ညတန(နိုင်)၀၉၂၂၂၁]+ဒေါ်ဝင်းတီ[၁၄/ညတန(နိုင်)၀၉၂၂၂၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဖုးသန့်[၉/မကန(နိုင်)၁၀၁၉၅၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ပိုင်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)**
**အမှတ်(၈၂)၊ ၁၂-လမ်း၊ လမ်းမတော်မြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၃ရပ်ကွက်၊ ၇-လမ်း၊ အမှတ်(၄၇)၊ ၆-လွှာ၊ လက်ယာဘက်ခြမ်း၊ အကျယ်(၁၅ပေx၅၀ပေ)ရှိ တိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ ရောင်းခွင့်ရှိသူဟုဆိုသူ ဦးစိုင်းအောင်သူရှိန်း [၁/ကမန(နိုင်)၀၃၂၄၃၉]နှင့် ဦးဖုးသန့်[၉/မကန(နိုင်)၁၀၁၉၅၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်း(ခ) ပါဟန်တင်[၁၂/လသန(နိုင်)၀၁၇၇၂၇]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)**
**အမှတ်(၈၂)၊ ၁၂-လမ်း၊ လမ်းမတော်မြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ် ဆွေးနွေးပွဲကျင်းပ

## PR စနစ်ကို ပြောင်းလဲကျင့်သုံးလာပါက လူမျိုးစုငယ်များအပါအဝင် တိုင်းရင်းသားများအနေဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး စသည့်ကဏ္ဍများမှာ အချိုးကျပါဝင်လာနိုင်မည်ဖြစ်၍ ပိုမိုပြီး မျှမျှတတရှိလာမည်

နေပြည်တော် နိုဝင်ဘာ ၅

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသူများပါဝင်သော ရွေးကောက်ပွဲစနစ်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ် ဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဥပဒေချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

**ဆွေးနွေးခဲ့**

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနှင့် မေလတို့တွင် ပြုလုပ်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးများတွင် မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန်အတွက် ပါတီအများစုက ဆွေးနွေးခဲ့ကြကြောင်း၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

**ယနေ့** ဖတ်စရာ



**ကလေးငယ်များ ဘေးကင်းစွာ ပညာသင်ယူနိုင်ဖို့ ပူးပေါင်းဆောင်ရွက်သွားကြပါစို့**

စာမျက်နှာ » ၁၁

**ပညာရေးယန္တရားကို ထိခိုက်ပျက်ပြားစေလိုသည့် အကြမ်းဖက်သမားများက စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၏ အသက်အန္တရာယ်ကို ထိခိုက်စေသည်အထိပါ အကြမ်းဖက်မှုများ ကျူးလွန်**

စာမျက်နှာ » ၁၄

**ဘာသာပြန်ပညာရှင် ဆရာကြီးမြဇင်**

စာမျက်နှာ » ၁၆

**လေ့လာစရာ အင်္ဂလိပ်စာ**

စာမျက်နှာ » ၁၈၊ ၁၉

## ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို လာမည့်နှစ်ဆန်းပိုင်း ပြုလုပ်မည်

နေပြည်တော် နိုဝင်ဘာ ၅

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို လာမည့်နှစ်ဆန်းပိုင်းတွင် ပြုလုပ်သွားမည်ဖြစ်သည်။

**စုစုပေါင်း ၂၄ သင်း ယှဉ်ပြိုင်မည်**

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် ကျင်းပမည့်ပုံစံပြောင်းလဲခဲ့ပြီး အုပ်စုတစ်ခုကို အိမ်ရှင်တစ်နိုင်ငံရွေးချယ်ကာ တစ်ကျော့စနစ်ဖြင့် တစ်ပတ်အတွင်း အပြီးကျင်းပသွားမည်ဖြစ်သည်။ ယခင်က အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီမှ စက်တင်ဘာအထိ ပြုလုပ်ရန် စီစဉ်ထားသော်လည်း ကပ်ရောဂါအခြေအနေကြောင့် ၂၀၂၂ ခုနှစ် ဇွန် ၈ ရက်မှ ၁၄ ရက်အတွင်း အပြီးကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၂၄ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းခြောက်အုပ်စုခွဲကာ ပြုလုပ်သွားမည်ဖြစ်သည်။

**စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ○